# ရယ်စရာမောစရာ

## နိုင်ငံရေးဟာသများ













# မြန်မာကျူးပစ်ဖိုရမ်မှ နိုင်ငံရေးဟာသများ

## ဒါလေးများ

တရုတ်နိုင်ငံသား ။------။ ငါတို့ အားကစားသမား။
ခြေထောက်နှစ်ဖက်မရှိဘူး။ ရေကူးအားကစားမှာ သိပ်ထူးချွန်တာ။

မြန်မာနိုင်ငံသား ။-- -- -။ ဒါများ ဆန်းတာလိုက်လို့။ လက်နဲ့
ကူးလဲရရဲ့သားနဲ့။

ရုရှနိုင်ငံသား ။-------- ။ ငါတို့ဆီက သီချင်းရေးဆရာ။ သိပ်တော်တာ။
လက်နှစ်ဖက်လုံးမရှိဘူး။ သူရေးတဲ့သီချင်းတွေသိပ်ကောင်း။

မြန်မာနိုင်ငံသား ။--- -- ။ ဒါလည်း ဘာမှမဆန်းဘူး။
ခြေထောက်နဲ့ရေးမှာပေါ့။

အမေရိကန်နိုင်ငံသား။----။ ငါတို့ဆီက သိပ္ပံပညာရှင်ကြီး။ ခြေထောက်ရော
လက်ရော လှုပ်လို့မရဘူး။ ဒါပေမယ့် သိပ်ကိုကြီးကျယ်တဲ့ အတွေးအခေါ်တွေ
အများကြီးပြောခဲ့တယ်။

မြန်မာနိုင်ငံသား ။------ ။ ဒါလည်းမဆန်းဘူး။ ပါးစပ်က
စကားပြောလို့ရနေတာပဲ။ ပြောမှာပေါ့။

တရုတ်၊ ရုရှ၊ အမေရိကန်နိုင်ငံသားများ။-----။ မင်းကလည်း မဆန်းဘူးချည်း

ပြောနေ။ ဒီထက်ဘာများ ဆန်းစရာ ရှိသေးလို့လဲ။

မြန်မာနိုင်ငံသား ။------ ။ ငါတို့ဆီမှာ ခေါင်းမရှိဘူး။ နိုင်ငံကိုအုပ်ချုပ်လာတာ နှစ် ၂၀ ပြည့်တော့မယ်။

တရုတ်၊ ရုရှ၊ အမေရိကန်နိုင်ငံသားများ။-----။ ဟိုက်

( တင်ပြသူ- botchan )

## လူဆိုတာ..

မော်စကိုမြို့တစ်နေရာ။ လူတစ်ဦးလမ်းလျှောက်လာသည်။ တိုက်ပေါ်မှ အုတ်ခဲတစ်ချပ် ပြုတ်ကျပြီး ထိုလမ်းလျှောက်သူ ခေါင်းပေါ်တည့်တည့် ပြုတ်ကျ၏။ လမ်းလျှောက်သူ သေသွား၏။

ဝိုင်းဝန်းကြည့်နေသူများထဲမှ တစ်ယောက်ကပြော၏။

"ကြည့်ကြစမ်း... ဒီအစိုးရလက်ထက်မှာ ဘာကောင်းတာရှိလဲ..။ တိုက်ပေါ်ကအုတ်ခဲ ပြုတ်ကျပြီးတောင် လူသေရသတဲ့။ ဒီအစိုးရလက်ထက် လမ်းတောင် လွတ်လွတ် လပ်လပ် မလျှောက်ရဲတဲ့ဘဝ။"

ထိုစဉ် ကြည့်နေသူများထဲမှ တစ်ယောက်က ဝင်ပြော၏။

"သူ့ကို ကျနော်သိပါတယ်ဗျ။ သူက အစိုးရအဖွဲ့ဝင်လူတစ်ယောက်ဗျ"

ထိုသူ၏ စကားသံအဆုံး.. လူတွေထံမှ အသံများ တညီတည်းထွက်လာ၏။

"ကြည့်ကြစမ်း။ ဒီအစိုးရလက်ထက် ဘာကောင်းတာရှိလဲ။ လမ်းပေါ်ကို အုတ်ခဲတောင် လွတ်လွတ်လပ်လပ် ကျခွင့်မရှိဘူး။"

( တင်ပြသူ – kowhiteman )

## ပေါလွန်းလို့

အာဆီယံခေါင်းဆောင်များ စည်းဝေးပွဲအပြီးမှာ အိမ်ရှင် စင်္ကာပူဝန်ကြီးချုပ်က ဖိမ်ခံသဘောင်္ကြီးတစင်းပေါ်မှာ ညစာစားပွဲကျင်းပပေး၏။ နဲနဲညနက်လာတော့ ခေါင်းဆောင်ကြီးတွေ နဲနဲထွေလာကြသည်၊ ထိုစဉ်မှာ မလေးရှားဝန်ကြီးချုပ်က အလွန်အရသာရှိသော ပန်းသီးများချကြွေးကာ ဘယ်လိုလဲ စားလို့ကောင်းလား ဟုမေးလေသည်။ အားလုံးက အရမ်းအရသာရှိလိုက်တာဟု ဖြေဆိုကြလျှင် ပန်းသီးတောင်းများယူ၍ ရေထဲပစ်ချလိုက်၏၊ အားလုံးက ဘာဖြစ်လို့လဲ မေးသော အခါ ကျွန်တော်တို့ဆီမှာ ဒါမျိုးတွေက ပေါလွန်းလို့ဟု ခပ်ကြွားကြွားလေး ဖြေသည်။

အိမ်ရှင်ဝန်ကြီးချုပ်ကလည်း အားကျမခံ အလွန်အရသာရှိသော ချော့ကလက်တွေ ချကြွေးရင်း ချော့ကလက်ပါကင်များကို ရေထဲပစ်ချပြကာ ကျုပ်တို့ဆီမှာ ဒါမျိုးအရမ်းပေါတာဟု ဝင့်ကြွားစွာဆိုပြန်လေသည်။

ကျန်ခေါင်းဆောင်များက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြွားစရာရှာ စဉ်းစားကြ၏။ ဒါပေမဲ့ သိကြတဲ့အတိုင်း အာဆီယံ၁၀နိုင်ငံထဲမှာ သူတို့ ၂နိုင်ငံကို ယှဉ်နိုင်သူကမရှိသလောက် ...

အဲဒီအချိန်မှာ မြန်မာခေါင်းဆောင်က ဝုန်းကနဲထရပ်ပြီး သူ့လူတွေဘက်ကို ကြည့်ကာ ဟေ့တစ်ယောက်လာစမ်းဟု ခပ်မာမာလှမ်းခေါ်လိုက်သည် ...
ထိုအခါ ပုံခုံးပေါ်တွင် အခွေအခက်များ တလက်လက်တောက်ပြောင်နေသော မြန်မာစစ်ဗိုလ်ချုပ်တစ်ယောက်က ခပ်ကုက်ကုက်လေး သူ့အနားမှာလာရပ်လေ၏။
ခေါင်းဆောင်ကြီးက ထိုစစ်ဗိုလ်ချုပ်၏လည်ကုတ်ကိုကိုင်ကာ သင်္ဘော၀ရန်ဒါ အနီးသို့ ဆွဲခေါ်သွားပြီး ရေထဲသို့ဆောင့်ကန်ချလိုက်လေသည် ...
ပြီး နေရာသို့ပြန်လာပြီး ကြောင်အမ်းအမ်းနှင့် သူအားဝိုင်းကြည့်နေသူ အားလုံးကို ဝင့်ကြွားကြွားကြည့်လိုက်ရင်း ....
**"ကျုပ်တို့ဆီမှာ ဗိုလ်ချုပ်တွေ အရမ်းပေါတယ်ဗျာ"** ဟုပြောလိုက်လေတော့သည်။

( တင်ပြသူ – mokenlay )

## ရောဂါ

ရန်ကုန်မြို့ရှိ နာမည်ကြီး အထူးကုဆေးခန်းကြီး၏ ပိုင်ရှင်ဆရာဝန်ကြီးသည် ဈေးကွက်လေ့လာရေး အစီရင်ခံစာကို ဖတ်ရှုနေလေသည်။

(၁) ယောကျ်ားများတွင် အဖြစ်များသောရောဂါများမှာ အဆုတ်၊ အသည်းနှင့် ပတ်သက် သည်။

သုံးသပ်ချက် – ဈေးကွက်တွင် သက်သက်သာသာရနိုင်ပြီး ၊ ကံစမ်းမဲများစွာ ပါသော ၊ အရည်အသွေးညံ့ဆေးလိပ်များ၊ အရက်များကို သောက်သုံးခြင်းကြောင့် ....

(၂) မိန်းမများတွင် အဖြစ်များသော ရောဂါများမှာ နှလုံးနှင့်ပတ်သက်သည်။

သုံးသပ်ချက် – နေ့စဉ် ဈေးသွားကြသော အိမ်ရှင်မများအတွက် အတက်ကြမ်း လှသောကုန်ဈေးနှုန်းကြောင့်...

(၃) ကျောင်းသားများတွင် အဖြစ်များသောရောဂါများမှာ မျက်စိနှင့်ပတ်သက်သည်။

သုံးသပ်ချက် – အလွန်တရာသေးငယ်အောင် ချုံ့ထားသော စာများကို ဖတ်ကြခြင်းကြောင့် ...

**အထူးတင်ပြချက်** – မျက်စိနှင့်နား ကုသရေးဌာနဘက်တွင် လူနာ အဆမတန် များပြားလာနေမှုကြောင့် အထူးကုဆရာဝန်ကြီးများ ထပ်မံတိုးချဲ့ခန့်ထားရန် လိုနေပါသည်။ ထူးခြားသောထိုရောဂါ၏ လက္ခဏာမှာ လူနာများ၏အဆိုအရ **"မျက်စိဖြင့် တပ်အပ်မြင်သော အရာများကို သတင်းအဖြစ်ပြန်လည်နားထောင် ရသောအခါ လုံးဝကွဲပြားခြားနားနေခြင်းကြောင့်"** ဟူ၍ ဖြစ်ပါသည်။

( တင်ပြသူ– Clinton )

## ပြည်သူ

မြန်မာနိုင်ငံတွင် ဖြစ်သည်။

ဦးနေဝင်းအား လက်အောက်ငယ်သားများက ပြည်သူတွေ မငြိမ်သက်ကြောင်း တင်ပြသည်။
ဦးနေဝင်းက ပြည်သူတွေကို "မိုးပေါ်ထောင်မပစ်ဘူး" ဟု ခြိမ်းခြောက်လေ၏။

ဦးမောင်မောင်အား လက်အောက်ငယ်သားများက ပြည်သူတွေ မငြိမ်သက်ကြောင်း တင်ပြသည်။
ဦးမောင်မောင်က " မစောင့်နိုင်ကြတော့ဘူးလား " ဟု ချော့လေ၏။

ဦးစောမောင်အား လက်အောက်ငယ်သားများက ပြည်သူတွေ မငြိမ်သက်ကြောင်း တင်ပြသည်။
ဦးစောမောင်က "ကျုပ်တို့ရွေးကောက်ပွဲပြီးရင် စစ်တန်းလျားပြန်မယ်" ဟု ကတိပေးလေ၏။

ဦးသန်းရွှေအား လက်အောက်ငယ်သားများက ပြည်သူတွေ မငြိမ်သက်ကြောင်း တင်ပြသည်။
ဦးသန်းရွှေ က " ဘာ ... ပြည်သူတွေ.. ဟုတ်လား .... ဘယ်ကလူတွေလဲ၊ ပြည်မြို့ကလား" ဟု ပြန်မေးလေ၏ ။

( တင်ပြသူ– Clinton )

## ကာကွယ်သူ

နွေရာသီ ကျောင်းပိတ်ရက်တွင်ဖြစ်သည်။
ဖခင်သည် သူ့သားကြီးအား လေးဂွ ပစ်သင်ပေး၏။
အတော်အတန်ပစ်နိုင်လာသော် သားကြီးက " အဖေ– သားပစ်နိုင်လာပြီ၊ ဘာတွေကို ပစ်ရမလဲ" ဟု မေးလေသည်။
ဖခင်က – " သား မင်းခြံထဲကိုဆင်း၊ ခေါင်းရင်းခြံက ဝက်တွေ တို့စိုက်ခင်းထဲကို ဝင်ထိုးရင်ပစ်၊ခြေရင်းခြံက ကြက်တွေ ခြံထဲဝင်လာရင်လဲပစ်" လို့မှာလိုက်ပါသတဲ့။

သားကြီးသည် မိမိခြံထဲတွင် အကြိမ်ကြိမ်ပတ်သော်လည်း ပစ်စရာကားမတွေ့။
တချီသော် အိမ်ရှေ့ပန်းခြံလေးအတွင်းမှာ လှုပ်လှုပ်မြင်သည်နှင့် ပစ်လိုက်ရာ ပစ်မှတ်ကို တည့်တည့်မှန်ပြီး မိမိညီငယ်၏ ငိုသံကိုလည်း တပြိုင်နက် ကြားရလေသည်။

ဖခင်ကား ပြာယာခတ်လျက် " သားကြီးရယ် မင်းမလဲ ရက်စက်လိုက်တာ ကိုယ့်ညီလေးကို ပစ်ရသလား ... ပေး – မင်း လေးဂွ ... နောက် မပစ်ရတော့ဘူး" ဟု ဆူပူနေရင်းမှ ....
သားကြီး၏ ငိုသံပါကြီးနှင့် ပြောလိုက်သော စကားသံကို ကြားရသော် ပက်လက်လန်လေ၏။

သားကြီးပြောလိုက်သည်မှာ –
" အဖေကလည်း သားက သားတို့ခြံကို ကာကွယ်နေတာပါ" ဟူ၏။

( တင်ပြသူ– Clinton )

## အသုံးအနှုန်း

လူတချို့ စကားပြောနေကြသည်။

**ပထမလူ** – ကုန်ဈေးနှုန်းတွေက ကြီးလာပြီ။ မင်းတို့ ပိုက်ဆံကို သိပ်မသုံးကြနဲ့ ။ တလတလရတဲ့ ပိုက်ဆံကို လက်ထဲမှာ မသုံးပဲ ဖယ်ချန်ထားကြဦး။

**ဒုတိယလူ** – ဟုတ်တယ်။ မနက်က ဈေးနားမှာ လူတွေ ရုံးရုံးအုပ်အုပ်နဲ့ စကားပြောနေကြလို့ နားထောင်ကြည့်တာ ကုန်ဈေးနှုန်းအကြောင်း ချည်းပဲ ။

**ပထမလူ** – ဩော် ဒါနဲ့ မနက်ဖြန် ကျနော်တို့ ခရီးထွက်ဖို့ တွေ့ရပ်ကို ဘယ်မှာ လုပ်မလဲ။

**ဒုတိယလူ** – တွေ့ရပ်ကို အားလုံး အဆင်ပြေတဲ့နေရာ လုပ်ရမယ်ဗျ။ သူငယ်ချင်းတွေအားလုံးအုပ်အုပ်စည်းစည်း ပြန်မဆုံဖြစ်တာကြာပြီ။ အားလုံး လိုက်နိုင်ဖို့ စီစဉ်ကြရအောင် ....

**ပထမလူ** – ဟုတ်ပဗျား ။ ဓါတ်ဆီနဲ့ ကားလဲ အဆင်သင့်ဗျို့.... အင်း – ဓါတ်ဆီ သိုလှောင်ရတာကတော့ နည်းနည်းခက်သား။ ဆီဈေးကလည်း မြင့်သကိုး။ ဒါပေမယ့် – စိတ်မပူပါနဲ့ ကျနော် ဆီအလုံအလောက် သိုမှီးထားပြီးပါပြီ။

**တတိယလူ** – ဒီမယ် ဒီမယ် ... ကိုယ့်လူတို့ စကားပြောနေတာ တမျိုးကြီးပဲ ။ အသုံးအနှုံးတချို့ ဆန်းနေသလား လို့....

**ပ+ဒ** – (အသံကိုနှိမ့်လျက်) ကိုယ့်လူကလဲ ဝေးရန်ကော .... ကျုပ်တို့က 'စု' ဆိုတာ မပါအောင်ရှောင်ပြောနေကြတာပါ .....

( တင်ပြသူ– Clinton )

## အင်ဂျင်တုံးကြီး

မဆလ ခေတ်က ဆိုရှယ်လစ် စီးပွားရေး ကိုသရော်တဲ့ ဟာသလေးပါ။ ဆိုရှယ်လစ်ခေတ်ဆိုတော့ သိတဲ့အတိုင်း ပစ္စည်းတွေကို သယ်ချင်တိုင်းသယ်၊ ရောင်းချင်တိုင်းရောင်းလို့ မရဘူးလေ။ အားလုံး အစိုးရက ချုပ်ကိုင်ထားတာ။ နေရာတကာ ရှာဖွေရေး၊ စစ်ဆေးရေးတွေနဲ့။ “မှောင်ခို ပစ္စည်း” ဆိုတဲ့ စကားလုံး တယ်ခေတ်စားတာကိုးဗျ။ မှတ်မိကြမယ်ထင်ပါတယ်။

ကြားဘူးတဲ့ ဟာသလေးပါ။ တနေ့လူတယောက်က၊ Volkswagen ကားလေး မောင်းလာသတဲ့။ အဲ၊ လမ်းမှာရှာဖွေရေးနဲ့တိုးရော။ ရှာဖွေရေးက ကားအနောက်ဖုံး ကို ဖွင့်ကြည့်ပြီး၊ မေးလိုက်သတဲ့။

“ခင်ဗျား၊ ဒီအင်ဂျင်တုံးကြီး၊ ဘယ်ကသယ်လာတာလဲ…” တဲ့။

( တင်ပြသူ– သာဂိ )

## အကြိုက်ဆုံးငရဲ

ငရဲသို့ လူတစ်ယောက် ရောက်လာသည်။ ငရဲမင်းက ထိုလူအားပြစ်ဒဏ်မကျခံခင် ရွေးချယ်ခွင့်တစ်ခုပေး၏။ ထိုမှာအခြားမဟုတ် ငရဲကျခံရန် နိုင်ငံအား ရွေးခွင့် ပေးခြင်းဖြစ်သည်။
သို့ဖြင့်ငရဲသားတစ်ယောက်ကို ထိုသူအား နိုင်ငံအလိုက် ငရဲများနှင့်၄င်းတို့၏ ပြစ်ဒဏ်စီရင်ပုံများကို လိုက်ပြခိုင်းလေသည်။

ထိုလူလည်း အမေရိကန်၊ ဗြိတိန်၊ ဂျပန် အစရှိသောနိုင်ငံများနှင့် ၎င်းတို့၏ ကြမ်းတန်း၍ ဝေဒနာများဖြင့် ပြည့်နှက်နေသော ပြစ်ဒဏ်စီရင်ပုံများကိုတွေ့ပြီး ကြောက်လန့်၍ နေလေသည်။ ထိုနောက် မြန်မာ့ငရဲသို့ ရောက်လာလေသည်။ အဆိုပါ လူငယ်သည် မြန်မာနိုင်ငံ ငရဲအရှေ့တွင် လူအများအပြားတန်းစီလျက် ပြစ်ဒဏ်ကျခံရန် စောင့်လျက်နေသည်ကို တွေ့သောအခါ၊ ၎င်းအားလိုက်ပြသော ငရဲသားအား အဘယ်ကြောင့်ဟူ၍မေးလေ၏။

မြန်မာ့ငရဲတွင် တရားစီရင်ပုံမှာ ၃ မျိုးဖြစ်လေသည်။

ထို ၃မျိုးမှာ —

၁။ လျှပ်စစ်ထိုင်ခံဖြင့် နှိပ်စက်ခြင်းကို ခံရခြင်း။

၂။ ကြာပွတ်ဖြင့် ရိုက်နှက်ခြင်းကို ခံရခြင်း။

၃။ သစ်သားပြားပေါ်တွင် သံများစွာရိုက်ထား၍ ပြစ်ဒဏ်ကျခံသူအား သံချွန်များဘက်တွင် တက်အိပ်ခိုင်းခြင်းဖြစ်သည်။

ငရဲသားလည်း အဆိုပါလူအားဤကဲ့သို့ရှင်းပြလေ၏။

၁။ မြန်မာ့ ငရဲတွင်လျှပ်စစ်ထိုင်ခုံဖြင့် နှိပ်စက်သော်လည်း အချိန်ပြည့်နီးနီး မီးမလာသောကြောင့် ပြစ်ဒဏ်သက်သာခြင်း။

၂။ ကြာပွတ်ဖြင့်ရိုက်ရန်တာဝန်ကျသော ငရဲသားများမှာ မွန်းတည့်အချိန်လောက်မှ ရောက်လာတတ်ပြီး မကြာမီ နေလည်စာထွက်သွားစားတတ်ကြသည်။ ပြန်လာပြီး လျှင်လည်း အတင်းပြော၊ ဟိုသွားလိုက်၊ ဒီလာလိုက်ဖြင့် တနေ့တာအချိန် ကုန်ဆုံး သဖြင့် ပြစ်ဒဏ်ပေးရန် အချိန်များများပင်မရှိလိုက်တတ်ကြောင်း၊

၃။ သစ်သားပြားပေါ်မှ သံချောင်းများလဲ ခိုးရောင်းစား၍ ကုန်လုနီးပါးဖြစ်နေ၍ ပြစ်ဒဏ်ကြခံလျှင် သက်သာကြောင်း၊

အဆိုပါအကြောင်းများကြောင့် မြန်မာ့ငရဲအား ရွေးချယ်သူများ၍ တန်းစီသူများနေကြောင်းရှင်းပြပါသည်။

(တင်ပြသူ– elf2006 )

## အပြစ်မရှိရင်

တခါသော် ထောက်လှမ်းရေး အရာရှိသည် အကျဉ်းသားတဦးအား စစ်မေးနေ၏။

အရာရှိ ။ ။ မင်းကို ငါတို့အကြမ်းပတမ်းနည်းတွေ မသုံးချင်ဘူးကွာ .... မင်းကိုယ့်အပြစ်ကို ကိုယ့်ဘာသာ ဝန်ခံလိုက်ပါ ...

အကျဉ်းသား။ ။ ကျွန်တော့်မှာ အပြစ်မရှိပါဘူးခင်ဗျာ ... ကျွန်တော် မတရားအဖမ်းခံရတာပါ။

အရာရှိ ။ ။ ဒီနေရာတောင် ရောက်လာမှတော့ အပြစ်မရှိပဲ နေမလားကွ ...

အကျဉ်းသား။ ။ တကယ်ပါခင်ဗျာ .... ကျွန်တော် ဘာအပြစ်မှ မရှိပဲအဖမ်းခံခဲ့ရတာပါ။

ထိုအခါ အရာရှိ၏ပြောလိုက်သော စကားကြောင့် အကျဉ်းသားမှာ ခေါင်းငိုက်စိုက်ကျသွားလေသည်။

အရာရှိပြောလိုက်သည်မှာ “ဟေ့ကောင် မင်း သေချာစဉ်းစားနော် ... မင်းအပြစ်မရှိဘူး ဆိုတာသေချာရင် ထောင် နှစ်အကန့်အသတ်မရှိ ကျသွားနိုင်တယ် ...စကားပြော ဆင်ခြင်ပါ ....” ဟူ၏ ။

( တင်ပြသူ– Clinton )

## ဘာနဲ့ တုန်း

နေပြည်တော် တွင်ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲသည် ဦးပေါ်ဦး၏လျှောက်ထုံးများကိုဖတ်ပြီး လွန်စွာ သဘောကျလျက် ဦးပေါ်ဦးကဲ့သို့ အမတ်မင်းများ သူ့အနားတွင်ရှိလျှင် ကောင်းမည် ဟု မိန့် ကြားလေ၏။

ထို့ကြောင့် အနီးနားရှိ အရာရှိများကလည်း ဦးပေါ်ဦးစာအုပ်ကို အလုအယက် ဖတ်ကြရင်း မင်းလိုလိုက် မင်းကြိုက်ဆောင်ဖို့ တွေးတောနေကြလေသည်။

တနေ့သော် – ဆောက်လုပ်ပြီးကာစ တံတားကြီးတစင်းအား သွားရောက်စစ်ဆေး ရာ ....တံတားကြီးမှာ လှုပ်နေသည်ကို တွေ့ရသဖြင့် အရာရှိလေးတစ်ဦးမှ “တံတား ကြီးကလည်းဗျာ ...” ဟု တီးတိုးရေရွတ်လိုက်မိ၏။ ထိုအခါ အကြီးအကဲမှ “ ဟဲ့ တံတားကြီးက ဘာဖြစ်တုန်း” ဟု ပြန်မေးလေရာ .....

အရာရှိလေးမှ “ ဘုန်းတော်ကြောင့် နတ်ပြည်သို့တိုးလျိုးပေါက် ဆက်သွယ်ပေး နေသလိုပါပဲ ခင်ဗျား ” ဟု ခေတ်သစ် ဦးပေါ်ဦး လုပ်ကြည့်လိုက်ရာ အကြီးအကဲမှ လွန်စွာ သဘောကျသည်ဖြစ်သောကြောင့် ဆုတော်၊ ပါမစ်တော်များ ပေးသနား လေ၏။ အရာရှိလည်း များစွာဂုဏ်တက်လေသည်။

တဖန် – ဖွင့်လှစ်ပြီးကာစ ဆိုင်ဘာစီးတီး သို့ဝင်ရောက် စစ်ဆေးနေစဉ် ... တိုက်ဆိုင်လှစွာမီးပျက်သွားသည် ဖြစ်သောကြောင့် .... "တယ် – မီးက ဘောက်မဲ့ကြောင့်ပျက်ရသတုန်း"

ဟု မေးမြန်းလေရာ ...လိမ်မာပါးနပ်သော အရာရှိမှ " မှန်ပါ၊ နိုင်ငံတော် အကြီးအကဲ၏ ကိုယ်ရောင်အရှိန်အဝါကို လျှပ်စစ်မီးနတ်သားမှ မယှဉ်နိုင်သော ကြောင့် ဝေးရာသို့ဖယ်ခွာပြေးသဖြင့် မီးပျက်ရပါသည် ခင်ဗျား" ဟု ဖြေကြား လိုက်ရာ သဘောကျလှသဖြင့် ဆုတော် ပါမစ်တော်များ ထပ်မံ ချီးမြှင့်ပြန် လေသည်။

ထိုသို့ လှည့်လည်စစ်ဆေးပြီးအပြန် အစည်းအဝေးခန်းမဆောင်တွင် စည်းဝေး နေကြစဉ် –

သမီးတော်လေးအား မမြင်မိသည်ကို သတိထားမိသောကြောင့် အကြီးအကဲမှ ... " ဟဲ့ ငါ့သမီးတော်လေး မတွေ့မိပါလား " ဟုမေးလေသည်။

ထိုအခါ ... ပါးနပ်ပြီး စကားကြွယ်သော အရာရှိမှ " မှန်ပါ၊ ရှောင်လွှဲမရနိုင်သော သဘာဝတရား၏ ကျီစားမှုကြောင့် ကိုယ်လက်မအီမသာဖြစ်လျက် အနားယူနေ ကြောင်းပါ " ဟု ပြန်ဖြေလေ၏။

ဤတွင် နိုင်ငံတော် အကြီးအကဲသည်လည်း မိမိကိုယ်ကို ဘိုးတော်နီးနီး ထင်မှတ် နေပြီဖြစ်သောကြောင့် အစည်းအဝေးကို ရုပ်သိမ်း လူစုခွဲလေသည်။

နောက်တနေ့မနက်တွင်မှ – အစည်းအဝေး လူစုံချိန်၌ မိမိအရာရှိလေးကို ထပ်မံ စမ်းသပ်လိုသည်ဖြစ်သောကြောင့် " ဟဲ့– ဘာနဲ့တုန်း " ဟု မေးလေ၏ ။ ( ဘာ ရောဂါနဲ့တုန်းဟုမေးရမည် ဖြစ်သော်လည်း အကြီးအကဲမှာ ဘိုးတော်၏ ဒိုင်ယာ လော့ဂ်များမှ မသွေဖီလိုသောကြောင့် မူရင်းအတိုင်းမေးလေသည်။)

လိမ်မာပါးနပ်ပြီး သတိဝီရိယဖြင့် ပြည့်စုံသော အရာရှိလေးမှ မဆိုင်းမတွပင် … “ဗိုက်နဲ့ပါခင်ဗျား” ဟု ပြန်ဖြေသည်တွင် …အကြီးအကဲ ခမျာလည်း မတ်တပ်မှ စန့်စန့်လဲ၍ လေငန်းစွဲလေတော့သည်။

( တင်ပြသူ– Clinton )

## တာဝန်ကိုယ်စီ

နေပြည်တော် အစည်းအဝေး ခန်းမ တနေရာ ….

အကြီးအကဲ။ ။ မင်းတို့နိုင်ငံတော် ကာကွယ်ရေးအစီအမံတွေ ငါ့ကိုတင်ပြစမ်း။

ဝန်ကြီး ။ ။ ဟုတ်ကဲ့ … ပြည်သူတွေဆူပူရင် သူ့လူနဲ့သူပြန်ထိန်းသိမ်းဖို့ စွမ်းအားရှင်အဖွဲ့ကို ဖွဲ့စည်းပေးထားပါတယ်။ ဘုန်းကြီးကျောင်းတွေကိုတော့ ကြံ့ခိုင်ရေးအဖွဲ့ကို တာဝန်ပေးပြီး စောင့်ကြည့်ခိုင်းထားပါတယ်။

အဓိကရုဏ်း နှိမ်နင်းရေး ရဲတွေကိုလည်း တုတ်တွေ၊ ဒိုင်းတွေ အပြည့်အဝ တပ်ဆင်ပေးထားပြီး၊ အခါအားလျော်စွာ နှစ်ဖက်ခွဲလေ့ကျင့်ပေးထားပါတယ်။

ပါတီတွေ၊ ကျောင်းသားအဖွဲ့တွေကိုလည်း တန်ပြန် အဖွဲ့တွေ ဖွဲ့စည်းပြီး ပြည်သူတွေ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေပါတယ်။ မီဒီယာ တူ မီဒီယာ တိုက်ပွဲကိုလည်း အရှိန်မပျက် ဆက်လက် ဆင်နွှဲနေပါတယ် ခင်ဗျာ။

အကြီးအကဲ။ ။ အေး .... ဒါဆို ဘယ်ဆိုးလို့လဲ။ ကောင်းတယ် ဆက်ထိန်းထား။ ဩော် ဒါနဲ့ ငါ့စစ်ဗိုလ်လေးတွေကိုရော ဘာတာဝန်ပေးထားသလဲ။

ဝန်ကြီး ။ ။ သူတို့ အွန်လိုင်း တက်နေကြပါတယ် ခင်ဗျား။

အကြီးအကဲ။ ။ **ဟော** ........

( တင်ပြသူ– Clinton )

## ငါလဲပါတယ်နော်

တစ်ခါက နိုင်ငံတော် သမတမင်းတွေချည်းသီးသန့် လေယာဉ်တစ်စီး စီးလာကြသတဲ့။

'ဝုန်း' ဆို လေယာဉ်ကြီးက သိမ့်သိမ့်တုန်သွားပါတယ်။

နဂါးကြီးတစ်ကောင်က လေယာဉ်ကြီးကိုခွစီးပြီး လေယာဉ်ကို ဘယ်လိုမှ ဆက်မောင်းလို့မရအောင် ခြိမ်းခြောက်နေတာပါ။

ဒါနဲ့ ရုရှား သမ္မတ ပူတင်က အော်ပြောလိုက်သတဲ့။

"ငါတို့ဆီက ပေါက်ကွဲအားအပြင်းဆုံး နျူကယားဒုံးနဲ့ ခွင်းလိုက်မယ်"

နဂါးကအေးအေးဆေးဆေးပါပဲ။

ဒါနဲ့ အမေရိကန်သမ္မတမင်း ဂျော့ဘုရှ်က ဝင်အော်ပြောလိုက်သတဲ့။

“ငါတို့ဆီက Starwars စီမံကိန်းက လက်နက်ဆန်းတွေနဲ့ပစ်လိုက်မယ်။ ဘေးဖယ်ပါ ”

နဂါးကြီးကအေးအေးဆေးဆေးပါပဲ။ လေယာဉ်ကို ပိုပြီးတော့တောင် လှုပ်ရမ်းနေပါသေးသတဲ့။

ဒါနဲ့ မဖြစ်ချေဘူးဆိုပြီး ဥက္ကဌကြီး ဗိုလ်ချုပ်မှူးကြီးက ခေါင်းကလေးပြူပြီး တိုးတိုးပြောလိုက်တယ်။

နဂါးကြီးလည်းကြောက်လန့်တကြား ခုန်ပျံပြေးလွှားပျောက်ကွယ်သွားပါတယ်။

ဒါနဲ့ တခြားသော သမ္မတမင်းတွေက အားလုံး အံ့သြတကြီး ဝိုင်းမေးကြတာပေါ့။

ဘာများပြောလိုက်ပါတုန်းပေါ့။

အဘက အေးအေးဆေးဆေးပဲ ပြန်ပြောလိုက်သတဲ့။

“ မြန်မာနိုင်ငံကိုသွားနေကြတာ....။ ငါလဲပါတယ်နော် ”

( တင်ပြသူ– botchan )

## သူများကျတော့ "မှူးကြီး" မလုပ်ရ … တဲ့

နဝတလက်ထက်မှာ ကိုယ့်ဖာသာကိုယ် ရာထူးတွေတိုးပေးလိုက်ကြတာ ဗိုလ်ချုပ်ကြီးတွေများလာတော့ သူတို့ထဲက အာဏာအရှိဆုံးလူကိုပေးဖို့ တီထွင်လိုက်တဲ့ ရာထူးက "ဗိုလ်ချုပ်မှူးကြီး" တဲ့။ ဗိုလ်ချုပ်အောင်ဆန်းထက်တောင် ရာထူးအများကြီး ကြီးသွားတာပေါ့။

အဲဒါကို အားကျလို့ ဒုက္ခရောက်သွားတဲ့ ပုဂ္ဂိုလ်တယောက်ရှိသဗျ။ သူက မန္တလေးပြည်သူ့ဆေးရုံကြီးက ဆေးရုံအုပ်ကြီးဆိုပဲ။ မန္တလေးမှာက အရင်တုန်းကလို မဟုတ်ပဲ ဆေးရုံတွေကများလာတော့ ဆေးရုံအုပ်ကြီးတွေလည်း လေးငါးယောက် ရှိတာပေါ့ဗျာ။ ဒါပေမယ့် တခြားဆေးရုံအုပ်ကြီးတွေက၊ ပိုပြီးစီနီယာကျတဲ့ အခုနကပြောတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ အုပ်ချုပ်မှုအောက်မှာပဲ ရှိသတဲ့။

အနီ ပုဂ္ဂိုလ်ကြီးဟာ ကိုယ်ကပိုပြီး ပါဝါရှိရဲ့သားနဲ့၊ တခြားသူတွေနဲ့ "ဆေးရုံအုပ်ကြီး" ဆိုပြီး အခေါ်အဝေါ် တူနေတာကို မနှစ်မြို့ဟန်တူပါရဲ့။ တနေ့တော့ သူထုတ်ပြန်တဲ့ ဌာနတွင်း ကြေညာချက်တခုထဲမှာ "ဆေးရုံအုပ်မှူးကြီး" ဆိုပြီး လက်မှတ်အောက်မှာ ရေးလိုက်သတဲ့။

အဲ… မကြာခင်ပဲ အဲဒီ ဆေးရုံအုပ်ကြီးလည်း
ပြုတ်ပါလေရောဗျာ။
အားကျတာလား၊ ရွဲ့လိုက်တာလား ဆရာကြီးရယ်။

( တင်ပြသူ– mgpo )

## ကြိုက်ရာရွေး

နိုင်ငံ့ခေါင်းဆောင်များကို ဖြုတ်ချင်လျှင် အများဆုံး အသုံးပြုလေ့ရှိကြသော အကြောင်းပြချက် နှစ်ခုရှိပါသည်။
၎င်းတို့မှာ လာဘ်စားမှု ( bribery ) နှင့် အိမ်ထောင်ရေးဖောက်ပြန်မှု( adultery ) တို့ဖြစ်ပါသည်။

ဘဘကြီးဟု နာမည်တွင်ကျန်ခဲ့သော ဗိုလ်ချုပ်ကြီးအား ဖြုတ်ပစ်လိုသောအခါ ထိုစဉ်က အတွင်းရေးမှူး(၁) ဖြစ်နေသေးသော ဗိုလ်ချုပ်ခင်ညွန့် လက်ထဲတွင် အကြောင်းပြစရာ နှစ်ခုလုံး ကိုင်ထားပြီးဖြစ်လေသည်။
ထို့နောက် ဗိုလ်ချုပ်ခင်ညွန့်က ထိုဗိုလ်ချုပ်ကြီးအား ခေါ်ပြော၏။

"ခင်ဗျားကို ကျွန်တော်တို့ ဖြုတ်ဖို့ အထောက်အထားတွေတော့ ရှာထားပြီးပြီ၊ bribery နဲ့ဖြုတ်တာကို ကြိုက်သလား၊ adultery နဲ့ဖြုတ်တာကို ကြိုက်သလား ရွေးပေတော့"

ဗိုလ်ချုပ်ခင်ညွန့် ညှပ်ပြောလိုက်သော အင်္ဂလိပ်စာလုံးကို ကောင်းစွာနားမလည်သော ဘဘဗိုလ်ချုပ်ကြီးက ဖြေမိဖြေရာ " အဒပ်ထ္ထိ " ဟု ဖြေမိခဲ့လေသည်။

သို့နှင့် ဘဘကြီးနှင့် မင်းသမီးလေးတို့ဇာတ်လမ်း လူထုကြားသို့ ရောက်ရှိသွားခဲ့ခြင်း ဖြစ်ပါသတည်း။

( တင်ပြသူ – mgpo )

## Local Call

တစ်ခါက အမေရိကန်သမတ ဘုရှ် ရယ်၊ ဗြိတိန်က ဝန်ကြီးချုပ် တိုနီဘလဲ ရယ်၊ မြန်မာပြည်က ဦးသန်းရွှေရယ်...(၃) ယောက်ဟာ သေပြီးနောက်ပိုင်း ငရဲပြည်ကို ရောက်လာကြတယ်။ ယမမင်းကြီးဆီမှာ ဆုံးဖြတ်ချက်ကိုစောင့်နေရင်း သူတို့ရဲ့ မိန်းမတွေဆီကို သတိရလို့ ဖုံးခေါ်ချင်လာတယ်တဲ့။ အဲဒါနဲ့ ဘုရှ်ကစပြီး ဖုံးခေါ်တာ မဒမ်ဘုရှ် နဲ့ ( ၅ ) မိနစ်လောက် အလွမ်းသယ်လိုက်တယ်။ ( ၅ ) မိနစ်ပြောပြီး ဖုံးချလိုက်တော့ ယမမင်းကြီးက ဖုံးပြောခ ဒေါ်လာ ( ၁၀၀၀ ) တောင်းလိုက်တယ်။ ဘုရှ်က ဘာလို့ဖုံးခဈေးကြီးတာလဲလို့မေးတော့ လူပြည်ကိုခေါ်တာမို့ oversea မို့လို့ပါလို့ပြောလိုက်တယ်။ နောက် တိုနီက ဖုံးထပ်ခေါ်တယ်..။ သူက တော့ ( ၁၀ ) မိနစ်ကြာတယ်တဲ့။ ယမမင်းကြီးက သူ့ဆီက ဒေါ်လာ ( ၁၀၀၀ ) ပဲ တောင်းလိုက်တယ်။ ဘုရှ်က သူ့တုံးက ( ၅ ) မိနစ်ကို ဒေါ်လာ ( ၁၀၀၀ )၊ တိုနီကျတော့ ( ၁၀ ) မိနစ်ကို ဒေါ်လာ ( ၁၀၀၀ ) ဆိုတော့ မကြေနပ်ဘူးပေါ့။ ယမမင်းကြီးကို မေးတော့ ဗြိတိန်က အမေရိကန်ထက်ပိုနီးလို့ ပါလို့ပြန်ပြောတယ်။ နောက်ဆုံး ဦးသန်းရွှေအလှည့်ကျတော့ မဒမ်သန်းရွှေနဲ့ ဖုံးပြောလိုက်တာ ( ၅ ) မိနစ်လည်းမက..( ၁၀ ) မိနစ်လည်းမက...( ၁ ) နာရီကြာသွားတယ်တဲ့။ ယမမင်းကြီးက သန်းရွှေဆီက ( ၅ ) ဒေါ်လာပဲ ယူလိုက်တယ်တဲ့။ အဲဒီမှာ ဘုရှ်ကော၊ တိုနီကော စိတ်တွေဆိုးပြီး ယမမင်းကြီးကို အပြစ်ဆိုတာပေါ့။ အဲဒီမှာယမမင်းကြီးက ဘာပြန်ပြောလည်းဆိုတော့........

သူ့မိန်းမဆီခေါ်တာ Oversea Call မဟုတ်ဘူး.... Local Call ....ပါတဲ့ခင်ဗျား....။

( တင်ပြသူ– exotic )

## ပေါ်လာပြန်ပြီ

ကိုဇာဂနာကြီးတစ်ယောက် ထောင်ထဲရောက်နေတုန်း သန်းရွှေကြီးရောက်ချလာပြီး "ကိုင်း၊ မင်းအခုထောင်ထဲရောက်နေပြီ။ မင်းငါ့ကိုဟာသလုပ်နိုင်သေးရဲ့လား။" လို့မေးသတဲ့။ ကိုဇာဂနာက "ကျုပ်ကို ဒီနေ့ထုတ်သတင်းစာတစ်စောင်၊ ရေတစ်ပုံးနဲ့ ကော်ခွက်တစ်ခွက် သာပေးပါ" လို့ပြန်ပြောလိုက်တယ်။ လိုချင်တဲ့ပစ္စည်းတွေလဲရရော ကိုဇာဂနာလဲ သတင်းစာမှာ သန်းရွှေဓါတ်ပုံပါတဲ့ စာမျက်နှာကိုလှန်၊ ခွက်ကိုရေပုံးထဲနှစ်ပြီး ပြန်လှတ်လိုက်ရော။ ခွက်ကကော်ခွက်ဆိုတော့ ရေပေါ်ကိုချက်ခြင်း ပြန်ပေါ်လာရောပေါ့။ အဲဒီအချိန်မှာ ကိုဇာဂနာပြောလိုက်တာကတော့ "တောက်၊ ပေါ်လာပြန်ပြီ ဒီခွက်"

( တင်ပြသူ – Wyclef )

## ထာဝရ ဘုရားသခင်တောင် မမှီပါ

တခါက အမေရိကန်သမ္မတရယ်၊ တရုတ်သမ္မတရယ်၊ ကျနော်တို့ ဗိုလ်ချုပ်မှူးကြီးရယ် ထာဝရဘုရားသခင်ကို သွားတွေ့ကြပါသတဲ့။ ...
ထာဝရဘုရားသခင်က သင်တို့ သိလိုရာကို မေးကြပါဆိုတော့ တယောက်ပြီး တယောက် မေးကြတော့တာပေါ့။

ပထမဆုံး အမေရိကန်သမ္မတက မေးတယ်။
‘ ဘယ်တော့များမှ အမေရိကန်ဟာ ကမ္ဘာတခုလုံးကို နိုင်ငံရေး၊ စစ်ရေးအရ ပြိုင်ဘက်ကင်း လွှမ်းမိုးနိုင်မလဲ ’.. တဲ့။

ထာဝရဘုရားသခင်က ခဏစဉ်းစားလိုက်ပြီး ပြန်ပြောတယ်။
'ဖြစ်တော့ဖြစ်မယ် ... ဒါပေမယ့် မင်းမမှီတော့ဘူး '.. တဲ့။
အမေရိကန်သမ္မတ ငိုပါလေရော။

ပြီးတော့ တရုတ်သမ္မတက မေးတယ်။
'ဘယ်တော့များမှ တရုတ်ပြည်ဟာ ကမ္ဘာ့စီးပွားရေးတခုလုံးကို လွှမ်းမိုးနိုင်မလဲ'.. တဲ့။
ထာဝရဘုရားသခင်က ခုနကလိုပဲ ခဏစဉ်းစားလိုက်ပြီး ပြန်ပြောပါတယ်။
' ဖြစ်တော့ဖြစ်လာမယ် .. ဒါပေမယ့် မင်း မမှီတော့ဘူး ' .. ဆိုတော့ တရုတ်သမ္မတလဲ ငိုပြန်တာပေါ့။

နောက်ဆုံးတော့ ဗိုလ်ချုပ်မှူးကြီးအလှည့်ပေါ့။ ..
သူ့မေးခွန်းလဲ ကြားပြီးရော ထာဝရဘုရားသခင် ငိုပါလေရော။
သူမေးတာက 'ဘယ်တော့များမှ မြန်မာပြည်မှာ ရေတွေမီးတွေ မှန်မှာလဲ '.. တဲ့။
မျက်ရည်လည်ရွဲကြားထဲက ထာဝရဘုရားသခင်က ပြန်ဖြေရှာပါတယ်။
'ဖြစ်တော့ဖြစ်မယ် ... ဒါပေမယ့် ငါမမှီတော့ဘူး '...... တဲ့ဗျာ ။

( တင်ပြသူ– yzg )

## အခုကံကောင်းတယ်

တမလွန်ဘဝမှာ ဂျော့ဘုရှ် ရယ်၊ ဘဘသန်းရယ်၊ ဗလာဒီမာ ပူတင်ရယ် အတူတူ တွေ့ပြီး လမ်းလျှောက်ထွက်ခဲ့ပါတယ်။ သူတို့ တစ်နေရာအရောက် လက်ဝါးကပ်တိုင်မှာ ကားစင်အတင်ခံထားရတဲ့ ယေရှုခရစ်တော်နဲ့တွေ့ပါလေရော။ အဲဒီမှာတင် ဂျော့က ယေရှုနားကို တိုးသွားပြီးတော့

'အရှင်၊ သားတော် အသက်ရှင်ခဲ့တဲ့ ဘဝမှာ သားတော် ကံကောင်းခဲ့ပါလား။' ယေရှုက 'အေး.. မင်းကံကောင်းခဲ့တယ်။ ဘာလို့လဲဆိုတော့ မင်းဟာ အကြမ်းဖက်သမားတွေကို နှိမ်နှင်းခွင့် ရခဲ့လို့ပဲ။'

ပြီးတော့ ပူတင်က ယေရှုကို 'ကျွန်တော်မျိုးကော အသက်ရှင်စဉ်က ဘယ်လိုကံကောင်းခဲ့ပါလဲ။' လို့မေးတယ်။ ယေရှုက 'မင်းလဲ ကံကောင်းခဲ့တာပဲ.. ဘာလို့လဲဆိုတော့ မင်းဟာ တိုင်းပြည်ကို စိတ်တိုင်းကျ ပုံဖော်နိုင်ခဲ့လို့ပဲ။'

နောက်ဆုံးပိတ်အနေနဲ့ ကျွန်တော်တို့ ဘဘသန်းက အားကျမခံ 'ကျွန်တော်ရောဗျာ.. ဘယ်လို ကံကောင်းခဲ့လဲ။' လို့မေးတယ်။ အဲ.. မေးလိုက်တဲ့ ခဏမှာ ယေရှု လက်နှစ်ဖက်လုံး လှုပ်သွားတယ်.. ဒါပေမယ်.. ကားစင်တင်ခံထားရတာဆိုတော့ လှုပ်လို့မရဘူး။ ပြီးတော့ ဘဘသန်းကို အံကြိတ်ပြပြီး ဒီလိုပြောတယ်။

'အေး.. ငါ့လက်နှစ်ဖက်စလုံး လှုပ်လို့မရတာပဲ မင်းကံကောင်းတယ်လို့မှတ်။'

( တင်ပြသူ – deathmetalster )

## Myanmar & Wireless

ဂျပန်နိုင်ငံမှ ဘူမိဗေဒပညာရှင်တွေက တူးဖော်ရေးလုပ်ကွက်တစ်ခုကနေ မထင်မှတ်ပဲ မြေအောက်မီတာ ( ၁၀၀၀ ) ကျော်မှာ Copper Wire တွေတူးဖော်တွေ့ရှိသွားကြတယ်။ ဂျပန်မှ သိပ္ပံပညာရှင်တွေရဲ့ စမ်းသပ်မှုအရ အောက်ပါအတိုင်း မှတ်ချက်တစ်ခု ချလိုက်ကြတယ်။
မိမိတို့ ဘိုးဘေးဘီဘင်တွေဟာ ရှေးနှစ်ပေါင်း ၁၀၀၀ ခန့်ကတည်းက Copper Wire Coxial Technology တွေအသုံးပြုခဲ့ကြတယ်တဲ့..။
အဲဒါကို မခံနိုင်ဖြစ်သွားတဲ့ အမေရိကန်တွေက သူတို့နိုင်ငံမှာ မြေအောက်မီတာ ( ၂၀၀၀ ) တူးခဲ့ကြတယ်။ ထူးဆန်းစွာနဲ့ Fibre Cables တွေကို တွေ့ရှိသွားတယ်။ အမေရိကန် ပညာရှင်တွေက အောက်ပါအတိုင်း မှတ်ချက်ချလိုက်ကြတယ်။
မိမိတို့ ဘိုးဘေးဘီဘင်တွေဟာ ရှေးနှစ်ပေါင်း ၁၀၀၀ ခန့်ကတည်းက Optical Technology ( or ) Photonic Technology တွေအသုံးပြုခဲ့ကြတယ်တဲ့..။

နောက်ဆုံး မြန်မာနိုင်ငံမှ ဗိုလ်ချုပ်ကြီးတွေကလည်း အားကျမခံ မြန်မာ့မြေအောက်ကိုတူးဖော်ခိုင်းလိုက်ကြတယ်။ မီတာ ( ၁၀၀၀ ) တူးတယ်....ဘာမှမတွေ့ဘူး။ မီတာ ( ၂၀၀၀ ) တူးတယ်...ဘာမှမတွေ့သေးဘူး။ ဒါနဲ့ ပိုသေချာသွားအောင် မီတာ ( ၃၀၀၀ ) အထိ တူးလိုက်ကြတယ်။ အံ့သြစရာပဲဗျာ..။ ဘာဆိုဘာမှကိုမတွေ့တာ..။ ဒါနဲ့ နောက်ဆုံးမှတ်ချက်တစ်ခု ချလိုက်ကြတယ်။
မိမိတို့ ဘိုးဘေးဘီဘင်တွေဟာ ရှေးနှစ်ပေါင်း ၁၀၀၀ ခန့်ကတည်းက Wireless Technology တွေအသုံးပြုခဲ့ကြတယ်တဲ့..။

( တင်ပြသူ – exotic )

တစ်ခါကမြန်မာနိုင်ငံက ဝန်ကြီးချုပ်တစ်ယောက် အင်ဒိုနီးရှားနိုင်ငံကို အလည်သွားသတဲ့။ အင်ဒိုနီးရှားဝန်ကြီးချုပ်လည်း သူ့အိမ်ကိုခေါ်ပြီး ဧည့်ခံတာပေါ့ဗျာ။ ကောင်းပေ့ညွန့်ပေ့ဆိုတဲ့အစားအသောက်တွေ၊ အရက်တွေနဲ့ ဧည့်ခံပေမယ့် မြန်မာဝန်ကြီးချုပ်က အင်ဒိုဝန်ကြီးချုပ်ရဲ့ နန်းတော်တမျှ ထည်ဝါလှတဲ့ အိမ်တော်ကြီးကိုပဲ သဘောကျနေသတဲ့။ နောက်ဆုံးမနေနိုင်တော့တာနဲ့ 'ဗျို့ အင်ဒိုဝန်ကြီး၊ ခင်ဗျား လခဘယ်လောက်ရလို့ ဒီအိမ်ကြီးကို ဆောက်နိုင်တာလဲ' လို့မေးမိသတဲ့။ ဒီတော့ အင်ဒိုဝန်ကြီးက ဘာမှ ပြန်မဖြေသေးဘဲ ပြတင်းပေါက်ကနေ လှမ်းမြင်နေရတဲ့ မြစ်ကြီးကို လက်ညိုးလှမ်းထိုးပြီး 'ဟိုမှာတွေ့လား မြစ်ကူးတံတားကြီး' ဆိုတော့–

မြန်မာဝန်ကြီးချုပ်။ ။ 'တွေ့ပါတယ်'

အင်ဒိုဝန်ကြီးချုပ်။ ။ ' ၂၀% ' လို့ပြောလိုက်သတဲ့။

နောက်တစ်နှစ်ကြာတဲ့အခါမှာတော့ အင်ဒိုဝန်ကြီးချုပ်က မြန်မာပြည်ကို ပြန်ပြီး အလည်လာသတဲ့။ မြန်မာဝန်ကြီးချုပ်လည်း ဂုဏ်ယူဝင့်ကြွားစွာနဲ့ သူ့အိမ်ကို ဖိတ်တာပေါ့။ အဲဒီမှာ အင်ဒိုဝန်ကြီးချုပ်တစ်ယောက် အိမ်ထဲကိုတောင် မဝင်ရသေးဘူး၊ အိမ်ရှေ့မှာတင် ပါးစပ်အဟောင်းသားနဲ့ ငေးပြီးရပ်နေမိတယ်။ မြန်မာဝန်ကြီးချုပ်ရဲ့ အိမ်တော်က သူ့အိမ်ထက် ဆယ်ဆမက ခမ်းနားတာကိုး။ တစ်အိမ်လုံးကို စကျင်ကျောက်တွေနဲ့ မွမ်းမံထားပြီး၊ ကော်ဇောတွေကလည်း နင်းရက်စရာတောင်မရှိဘူးတဲ့။ ဒါနဲ့ အင်ဒိုဝန်ကြီးလည်း အရဲစွန့်ပြီး မေးလိုက်တယ် 'ခင်ဗျား လခ ဘယ်လောက်ရတာလဲဟင်၊ အိမ်ကြီးက ဟီးနေတာပဲ'၊

မြန်မာဝန်ကြီးချုပ်။ ။ ' ဟိုမှာမြစ်ကူးတံတားကြီးတွေ့လား'

ဟုမြစ်ကိုထိုးပြရွေ့မေးလိုက်သည်။

အင်ဒိုဝန်ကြီးချုပ်။ ။ ' မတွေ့ပါလား၊ ဘယ်မှာလဲဗျ' ဟုပြန်မေးလိုက်သည်။

ထိုအခါ မြန်မာဝန်ကြီးချုပ်က မိန့်မိန့်ကြီးပြုံး၍ အောက်ပါအတိုင်း ပြောချလိုက်လေသတည်း။

'၁၀၀%'

( တင်ပြသူ– Eistein )

## အကြွားပြိုင်ပွဲ

အာဆီယံ ထိပ်သီးများအစည်းအဝေးတွင် နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ အကြွားပြိုင်ကြလေရာ ပထမဦးစွာ မလေးရှားခေါင်းဆောင်က …

'ကျုပ်တို့ မလေးလူမျိုးတွေ တည်ဆောက်ထားတဲ့ မိုးမျှော်တိုက်ဗျာ၊ လ ကို ထိနေလို့' ဟု ကြွားလေသည်။

ထိုအခါ အခြားခေါင်းဆောင်များက တစ်ယောက်တစ်ပေါက် ဝိုင်းဝန်း နှိပ်ကွပ်လေမှ မူလအမြင့် ပြန်ရောက်အောင် လျှော့သွားလေသည်။

ခေါင်းဆောင် အသီးသီးမှာ သူတို့နိုင်ငံအကြောင်းကို အာပေါင်အာရင်းသန်သန်ဖြင့် ကြွားလိုက်၊ တခြားခေါင်းဆောင်များက ဝိုင်းနှိပ်ကွပ်လိုက်ဖြင့် သူတို့ ကြွားခဲ့သမျှ မူလထက်များစွာ ပြန်ပြန်လျှော့ချနေကြရသည်။

နောက်ဆုံး အဘရွှေဆီမှ ဘာမှကြွားသံ မကြားရသဖြင့် အားလုံးက ဝိုင်းမေးကြရာ၊ 'ငါတို့ နိုင်ငံမှာ မိန်းမတွေက ကလေးမွေးရင် ဖင်ပေါက်ကနေ မွေးတယ်ကွ' ဟု ပြောလေရာ အားလုံး အံ့အံ့ကျွက်ကျွက် ဖြစ်ပြီး သက်သေပြခိုင်း လေတော့သည်။ ထိုအခါမှ အဘရွှေက မိန့်မိန့်ကြီးပြုံးကာ 'ငါကြွားတာက နှစ်လက်မပဲ လွဲသွားတာပါကွာ' ဟူသတည်း။

( တင်ပြသူ– Black-Xenon )

## အခြေအနေကောင်းတာက

တစ်ခါက အစိုးရအကြီးအကဲတစ်ဦးသည် နောက်လိုက်များနှင့် အစည်းအဝေးအတွက် ခရီးထွက်ကြသည်။ လမ်းတွင် မတော်တဆ ယာဉ်တိုက်မှု ဖြစ်ပြီး အားလုံးဆေးရုံသို့ ရောက်သွားကြသည်။ အကြီးအကဲ၏ သတင်းကို မေးမြန်းစုံစမ်းရန်အတွက် သတင်းထောက်များ လာရောက်ပြီး ဆရာဝန်အားမေးမြန်းခဲ့သည်။

သတင်းထောက်များ ။ ဆရာ၊ဆရာ––– အကြီးအကဲခြေအနေ ဘယ်လိုလဲ။

ဆရာဝန် ။ အင်း ––– အခြေအနေ မကောင်းဘူး။

သတင်းထောက်များ ။ သူ့ရဲ့ နောက်လိုက်တွေကော–––။

ဆရာဝန် ။ အင်း –– သူတို့လဲအခြေအနေ မကောင်းဘူး။

သတင်းထောက်များ ။ ဒါဆို ဘယ်သူ့အခြေအနေ ကောင်းလဲဆရာ။

ဆရာဝန် ။ ငါတို့ တိုင်းပြည်။

( တင်ပြသူ– **loyalty** )

## ငါ့ကိုဘာမှတ်နေလဲ

တစ်ခါက အစိုးရအကြီးအကဲတစ်ဦးသည် ညအချိန်တွင် တစ်ယောက်တည်း အပြင်ထွက်မိရာ လမ်းတွင်လုယက်သူနှင့် တိုးသည်။

လုယက်သူ ။ ပါသမျှ ပိုက်ဆံအကုန်ထုတ်။

အကြီးအကဲ။–– ဟေ့–– မင်း –ငါ့ကိုဘာမှတ်နေလဲ–– ငါဘယ်သူလဲသိလား––– ငါ ဒီတိုင်းပြည်ရဲ့ အစိုးရ အကြီးအကဲကွ။

လုယက်သူ ။ ဒါဆို–– ယူထားသမျှတွေ အကုန်ပြန်ပေး။

## အကောင်းဆုံးဝါဒ

တစ်ခါက ကမ္ဘာပေါ်မှာ နိုင်ငံရေးဝါဒ အစည်းအဝေးပွဲကြီးကျင်းပတယ်။ (ရည်ရွယ်ချက်ကတော့ ကမ္ဘာပေါ်မှာကောင်ဆုံးဝါဒကိုရွေးမယ်ပေါ့။)ကမ္ဘာပေါ်က နိုင်ငံခေါင်းဆောင်အားလုံးနှင့် ဝါဒရှင်အားလုံး တက်ရောက်ကြတာပေါ့။

(မှက်ချက်။ ။ မြန်မာနိုင်ငံကဦးသန်းရွှေကြီး နှင့် တစ်ဆွေတစ်မျိုးလုံး တက်ရောက် သည်ဟုသတင်းရရှိပါသည်။)

အပြိုင်အဆိုင်ပဲ ဟစ်တလာတို့၊မူဆိုလီနီတို့၊တိုနီဘလဲတို့၊လင်ကွန်းတို့၊စသည်ဖြင့် နိုင်ငံပေါင်းစုံက ခေါင်းဆောင်နှင့်ဝါဒရှင် အားလုံးဟာ သူတို့ဝါဒကောင်းကြောင်း ဟောပြောငြင်းခုန်ကြတာပေါ့။

အားလုံးတစ်ယောက်နှင့်တစ်ယောက် အရှုံးမပေးကြသလို ဘယ်သူမှလဲဘယ်ဝါဒ ကောင်းတယ်လို့ မဆုံးဖြတ်နိုင်ကြဖူးပေါ့။ နောက်ဆုံး အားလုံးသတိထားမိတာက မြန်မာနိုင်ငံကဦးသန်းရွှေကြီးနှင့် အပေါင်းပါများဟာ ဘာမှမပြောဘဲ ငြိမ်သက်နေ ကြတာကိုတွေ့ရတယ်ပေါ့။ အားလုံးက ဒီလိုငြိမ်နေပုံထောက်ရင် ဦးသန်းရွှေကြီးဆီ မှာအားလုံးနှင့်မတူပဲ အားလုံးထက်ကောင်းတဲ့ဝါဒတစ်ခုရှိမယ်လို့ ထင်ကြတာပေါ့။ လာတုံးကတော့ ဆွေမျိုးတွေရောက်ဖူးအောင် အလည်သဘောမျိုးနဲ့ ဘာမှမပြောဘူး လို့စဉ်းစားထားပေမဲ့ အားလုံးကတောင်းဆိုလာတာနဲ့ ဦးသန်းရွှေကြီးက စင်ပေါ် တက်သွားပါတယ်။

စင်ပေါ်ရောက်ရောက်ချင်းပဲ အားလုံးက ဦးသန်းရွှေကြီးကို မြန်မာနိုင်ငံကို ဘယ်ဝါဒနှင့် အုပ်ချုပ်သလဲလို့မေးပါတယ်။ ဒီတော့ ဦးသန်းရွှေကြီးက သူများ

တွေလို ရှည်ရှည်ဝေးဝေးမပြောပဲ တစ်ခွန်းထဲပြောပြီး ဆင်းလာခဲ့တဲ့အခါမှာ.... လူပေါင်းများစွာရှိတဲ့ အစည်းအဝေးခန်းမကြီးဟာ အပ်ကျသံတောင်ကြားရအောင် တိတ်ဆိတ်သွားပါတော့တယ်။ အားလုံးဟာ အာစေးထည့်ခံရသလို အလန့်တကြား နှင့် ဘာမှမပြောနိုင်တော့ပါဘူး။

ဦးသန်းရွှေကြီး ပြောလိုက်တာကတော့ တစ်ခွန်းထဲပါ။

"မှသာဝါဒ" တဲ့ဗျာ.....။

(တင်ပြသူ- peterhein1983 )

**Myanmar Fashion**

သံလုံးနှင့်ရေစက်ပါသော နိုင်ငံခြားသားအား မြို့တွင်းသို့လိုက်လံပို့ဆောင်ပေးရန် ကြုံကြိုက်လာလေသည်။ ပူအိုက်သောနွေရာသီ ဖြစ်နေသောကြောင့် နိုင်ငံခြားသား က ...

" မင်းတို့လူမျိုးတွေ ပူပြင်းမှုကိုအံ့တုသလို ငါလဲလိုက်လုပ်မှဖြစ်တော့မယ်၊ ငါဘယ်လိုဒီဇိုင်းလုပ်ရမလဲဆိုတာ ပြောပြစမ်းပါဦးကွာ "

သံလုံးက

" မပူပါနဲ့ ကျွန်တော်ပြမယ်...၊ ဟောဒီမျက်မှန်မည်းကြီးကိုတပ်လိုက် ဒါဟာ နေကာမျက်မှန်မဟုတ်ဘူး အထက်၊ အောက်၊ ဘေးမှာ ဘာတွေဖြစ်နေလဲ မမြင်ရတော့ပဲ ခင်ဗျားလက်တစ်ကမ်းကိုပဲ စူးစိုက်ကြည့်ရတော့မယ်။ ပြီးရင် ဟောဒီ mp3 player လေးကို နားထောင်နေလိုက်၊ အထက်၊ အောက်၊ ဘေးက လူတွေဘာတွေပြောနေလဲ ဘာမှမကြားတော့ဘူး။ ဟောဒီ ပီကေတွေကို အဆက်မပြတ် ဝါးပြီး မော်ရင်ညိုလို စောဒကမတက်ဘဲ ဖာဂူဆန်လို တိတ်တိတ်လေးနေလိုက်။

ဒါဆိုခင်ဗျား ရန်နည်းသွားမယ်။ နောက်ဆုံးအနေနဲ့ ဟောသလိုလေး ခေါင်းကနေ ရေလောင်းလိုက်၊ ပူတဲ့ဒဏ်ကိုခံနိုင်သွားပြီ ”

ဆိုပြီး နိုင်ငံခြားသားခေါင်းကနေ ရေလောင်းချလိုက်တယ်။ ခဏနေတော့ နိုင်ငံခြားသားက ဟတ်ချိုး . . ဟတ်ချိုး နဲ့ချေပြီး နှာတွေပိတ်လာရော။ ဒီတော့မှ သံလုံးက

“ အားလုံးအိုကေသွားပြီ၊ လာသွားမယ်၊ ဒီလိုမျိုးသာဆို မြန်မာပြည်တနံ့တလျား ခင်ဗျား သွားချင်တဲ့ဆီသွားပြီး တွေ့ချင်တဲ့သူနဲ့ တွေ့လို့ရပြီ ” ဆိုပြီးခေါ်သွား ပါတော့တယ်။

( တင်ပြသူ – Flame of Passion )

## အိုဘယ့်ဘီကနီရယ်၊ စောင့်ရတာမောလွန်းလှဘိ . . .

အငြိမ်းစာရင်းကိုင်ကြီးနှင့် ခေတ်ဟောင်းနိုင်ငံရေးသမားကြီးတို့ အလွှာပသလွှာပ ပြောနေကြသည်။ အငြိမ်းစားစာရင်းကိုင်ကြီးမ

“ ဒါနဲ့ ခင်ဗျား ဟိုဟာသလေးကြားဖူးလား၊ စာရင်းဇယားဆိုတာ ဘီကနီနဲ့ တူတယ်ဆိုတာလေ ”

နိုင်ငံရေးသမားဟောင်းကြီးက

“ မကြားဖူးဘူး၊ ဒါပေမယ့် ကျွန်တော့်အမြင်တော့ ဘီကနီဟာ စာရင်းထက်စာရင် အစိုးရအဖွဲ့နဲ့ ပိုတူတယ်ထင်တာပဲ။ ဘာတွေကိုဖုံးကွယ်ထားလဲလို့ အားလုံးက ဂရုတစိုက် စောင့်ကြည့်နေတယ်ထင်ပေမယ့် အမှန်မှာတော့ ဘယ်တော့ကျွတ်ပြီး ပြုတ်ကျမှာလဲလို့ စောင့်မျှော်နေကြတာ ”

( တင်ပြသူ – Flame of Passion )

တနေ့သောအခါ အလ္လါအရှင်မြတ်ရယ်၊ ယေရှုခရစ်တော်ရယ်၊ သကြားမင်းဦးမာဃ တို့က ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ သဘောတူညီချက်တွေ ရခဲ့ကြတယ်။ အလ္လာအရှင်မြတ်က အိုစမာဘင်လာဒင်ကို သွားတွေ့မယ်။ ခရစ်တော်က သမ္မတ ဘုရှ်ကို ဖြောင်းဖျမယ်။ ဦးမာဃ ကတော့ ဗိုလ်ချုပ်မှူးကြီးကို တာဝန်ယူရမယ်တဲ့။

ဒါနဲ့ ဘာသာကြီး (၃)ခုရဲ့ တန်ခိုးရှင်တွေက ရက်ကောင်းရက်မြတ် ရွေးပြီးသကာလ ကမ္ဘာကျော် အကြမ်းဖက်သမား (၃)ဦး နဲ့တွေ့ကြတယ်။ တွေ့တဲ့နေရာက ဟိမဝန္တာ တောင်ခြေက လှိုဏ်ဂူတစ်ခုမှာပါ။ အနှောင့်အယှက်မရှိ စကားပြောလို့ရအောင် ဝင်ပေါက်မှာ လုံခြုံရေးအစောင့်တွေ ချထားလိုက်တယ်။

အဲသလိုနဲ့တွေ့ကြပြီး ( ၃ )နာရီအကြာမှာ ခရစ်တော်က သမ္မတဘုရှ်နဲ့အတူ ဂူထဲက နေ ထွက်လာတယ်။ ခရစ်တော်က ပြုံးနေတယ်။ ဘုရှ်ကတော့ အကျွတ်တရား ရသွားဟန်ရှိပါတယ်။

အစောင့်များ ။ ဆွေးနွေးပွဲ အခြေအနေ ဘယ်လိုရှိပါသလဲ အရှင်။

ခရစ်တော် ။ အခုအချိန်ကစပြီး စစ်ပွဲတွေ ရပ်စဲတော့မယ်။ သမ္မတဘုရှ်က ငြိမ်းချမ်းရေးရဲ့တန်ဖိုးကို သတိထားမိသွားပြီ။

နောက်ထပ် ( ၃ ) နာရီအကြာမှာ အလ္လာအရှင်မြတ်က ဂူထဲကနေ ထွက်လာတယ်။

ဘင်လာဒင်လည်း ပါလာတယ်။ ဘင်လာဒင်ပုံစံက အလ္လာကို ပို၍ပို၍ ရှိသေလေးစားနေဟန် ပေါ်လွင်နေတယ်။

အစောင့်များ ။ ဆွေးနွေးပွဲ အခြေအနေ ဘယ်လိုရှိပါသလဲ အရှင်။

အလ္လာ ။ ဘင်လာဒင်ကို လူကောင်းသူကောင်းဖြစ်အောင် ပြောင်းလဲလိုက်နိုင်ပါပြီ။ အခုအချိန်ကစပြီး သူဟာ အကြမ်းဖက်လုပ်ငန်းတွေနဲ့ ပါတ်သက်တော့မှာ မဟုတ်ပါဘူး။

နောက်ထပ် ( ၃ ) နာရီ အကြာမှာတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂူထဲကနေ ထွက်လာတယ်။ ဒေါသတထောင်းထောင်းနဲ့ပေါ့။ သူ့နောက်မှာ ဦးမာဃကြီး စိတ်ပျက်လက်ပျက်နဲ့။

အစောင့်များ ။ ဘယ်လိုဖြစ်တာလဲ အရှင်။

ဦးမာဃ ။ မြန်မာပြည်မှာ ငြိမ်းချမ်းဖို့လိုပြီဆိုတဲ့အကြောင်း သန်းရွှေကို တတ်နိုင်သလောက် နားချပါတယ်ကွာ။ ဒီတော့ သူက ငါ့ကို ပုဒ်မ ၅(ည) အရ အပြစ်ရှိတယ်လို့ စွတ်စွဲပါလေရော။ အခုငါ့ကို အင်းစိန်ထောင်ပို့မလို့ တဲ့ကွာ။

( တင်ပြသူ– exotic )

တနေ့သောအခါ သီလ၊သမာဓိ နဲ့ ပြည့်စုံတဲ့ လူတစ်ယောက်ကို သကြားမင်းက ဖိတ်ပြီး ဗိမာန်ကို ခေါ်ပြတယ်။ ထူးဆန်းလိုက်ပုံကတော့ သကြားမင်းရဲ့အခန်းထဲမှာ နာရီတွေ တောင်ပုံရာပုံပါပဲ။ နာရီဆိုင်တောင် သူ့အခန်းလောက်နာရီတွေ မများလောက်ဘူး။

"သကြားမင်း ....... ဒီနာရီတွေက ဘာလုပ်တာလဲ" ဆိုတော့ လိမ်ပြော၊ ညာပြောတဲ့သူတွေကို မှတ်ထားတာဆိုပဲ။

"ဟာ...သကြားမင်းက ခွေးသားရေပုရပိုက်နဲ့ ရေးမှတ်တယ်ဆို...." လို့ပြောလိုက်တော့...

"အောင်မာ... ဘာမှတ်နေလဲ။ မော်ဒန်သကြားမင်း...ကွ နယ်နယ်ရရ မှတ်လို့။ လူတစ်ယောက်စီအတွက် နာရီတစ်လုံးချင်းစီနဲ့ မှတ်တာ။ တစ်ခါလိမ်ပြောရင် စက္ကန့်တံက တစ်ခါရွှေ့တယ်။ ဆယ်ခါလိမ်ပြောရင် ဆယ်ခါရွှေ့တယ်ပေါ့ကွာ..." တဲ့။

တယ်ဟုတ်ပါ့လား။

"ဒါနဲ့ ... သကြားမင်း ....... ဟော ဟိုနာရီက စက္ကန့်တံတွေ ရွှေ့နေပါလားဗျ.." ဆိုတော့ ...။

"အဲဒါ... ကားပွဲစား နာရီကွ" တဲ့။

"ဟိုနာရီကကောဗျ.... တစ်စက္ကန့်ပြီး တစ်စက္ကန့် ရွှေ့နေပါလား"

"အဲဒါ... မြန်မာ့ရုပ်မြင်သံကြား သတင်းကြေငြာတဲ့လူရဲ့ နာရီ.." တဲ့။

“ဟောဗျာ...။ ဟိုနာရီကြီးကြတော့ ပင့်ကူအိမ်တွေတောင် တက်ပြီး ရပ်နေပါ့လားဗျ။ ဘယ်သူ့နာရီတုန်း”

“အဲဒါ... သာမညဆရာတော်ကြီး ရဲ့ နာရီကွ”

“စကားမစပ်၊ ဗဟုသုတပေါ့ သကြားမင်းကြီးရယ်....။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ နာရီ ကရောဗျာ...” လို့လည်းမေးရော ... သကြားမင်းကြီးက...

“ဟာ .... သူ့နာရီကြီးက လည်လွန်းလို့.. ပန်ကာလုပ်ထားရတယ်” ....တဲ့ဗျား ။ ။

( မိုးမခ မှ ကူးယူပြီး အနဲငယ် ပြင်ဆင်ဖော်ပြထားခြင်းပါ )

( တင်ပြသူ – exotic )

## ဒါတော့မဖြစ်ဘူး

အိုဆာမာဘင်လာဒင် တစ်ယောက် အမေရိကန်ရဲ့ရန်က ပြေးရင်းနဲ့ မြန်မာနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်ယူရန် ဆုံးဖြတ်လိုက်ပါတယ်တဲ့။ အမေရိကန်ရဲ့ ရန်သူဖြစ်တာချင်း တူနေတဲ့အတွက် မြန်မာပြည်ကဖြင့် သူ့အတွက်တော့ လုံခြုံမှုပေးနိုင်မယ် ထင်မပေါ့။

အဲဒါနဲ့ အိုဆာမာနဲ့ ဘဘကြီး ဆွေးနွေးကြတော့၊ အဆင်တော်တော်ပြေပါတယ်တဲ့။ ဘဘကြီးကလည်း မြန်မာပြည်မှာလာနေရင် အမေရိကန်က လက်ဖျားနဲ့တောင် မထိစေရဘူး၊ အာမခံတယ် ဘာညာပေါ့။ ဒါပေမယ့် နောက်ဆုံးတစ်ချက်မှာ အိုဆာမာက ဘယ်လိုမှ လက်မခံနိုင်လို့ ဆွေးနွေးပွဲ ပျက်သွားရပါသတဲ့။

အဲဒါကတော့ အိုဆာမာက ကြဲ့ဖွံ့အသင်းထဲ ဝင်ရမှာဆိုတာပါပဲ။

( တင်ပြသူ– မောင်ဘတ် )

## ဘာသာ ပျက်မှာစိုး

ဘဘကြီးတစ်ယောက် အမေရိကန်ရဲ့ရန်က ပြေးရင်းနဲ့ အာဖဂန်နစ္စတန်တွင် နိုင်ငံရေးခိုလှုံခွင့်ယူရန် ဆုံးဖြတ်လိုက်ပါတယ်တဲ့။ အမေရိကန်နဲ့ ရန်သူဖြစ်တာချင်း တူနေသဖြင့် အာဖဂန်နစ္စတန်ကဖြင့် သူ့အတွက် လုံခြုံမှုပေးနိုင်မယ်ထင်မပေါ့။

ဒါနဲ့ ဘဘကြီးနဲ့ အိုဆာမာဆွေးနွေးကြတော့ အဆင်တော်တော်ပြေပါတယ်တဲ့။ အိုဆာမာကလည်း အာဖဂန်နစ္စတန်မှာလာနေရင် အမေရိကန်က လက်ဖျားနဲ့တောင် မထိစေရဘူး၊ အာမခံတယ် ဘာညာပေါ့။ ဘဘကြီးကလည်း သူ့မှာ ပါလာမယ့် ဒေါ်လာသန်းပေါင်းများစွာကို အိုဆာမာကို စိတ်ကြိုက် ခွဲပေးပါ့မယ်ပေါ့။ ဒါပေမယ့် နောက်ဆုံးတစ်ချက်မှာ အိုဆာမာက ဘယ်လိုမှ လက်မခံနိုင်လို့ ဆွေးနွေးပွဲ ပျက်သွားရပါသတဲ့။

အဲဒါကတော့ ဦးမြင့်မောင်ကို သာသနာရေးဝန်ကြီးခန့်ပေးရမယ် ဆိုတာပါပဲ။

( တင်ပြသူ– botchan )

## ကြက်ဆူဆီ

ရွှေမြန်ပြည်မှာ ရွှေဉာဏ်တော်စူးရောက်ပြီး ကြက်ဆူဆီကနေ လောင်စာဆီ ဖြစ်အောင် လုပ်နေတာ ကြားဖူးကြမှာပေါ့။

ကျနော်တို့မြို့မှာ ကြက်ဆူဆီကနေ စက်သုံးဆီအဖြစ်သုံးလို့ ရပြီးဆိုတဲ့သရုပ်ပြပွဲ ရှင်းလင်းပွဲလုပ်တယ်။ တိုင်းမှူးကိုယ်တိုင်လာကြည့်တာလေ။ မြန်မာ့အသံကလည်း တီဗွီလာရိုက်တယ်။ ပွဲလည်းစရော ကြက်ဆူဆီထည့် တရုပ်နီလို့ခေါ်တဲ့ ဆွေမျိုးပေါက်ဖေါ်နိုင်ငံက မီးစက်ထဲထည့်ပြီးတော့ မီးထွန်းပြမလို့ပေါ့ဗျာ။ စက်ထဲ ဆီထည့်ပြီး စက်နှိုးတာ မနိုးဘူးဖြစ်နေတယ်။ တိုင်မှူးကလည်း သေချာကို ကြည့်နေတာ ဆိုတော့ ပရောဂျက်တာဝန်ခံ ဗိုလ်မှူးကြီးက စက်နှိုးနေတဲ့လူကို ....... "ခွေးမသား ဒီဇယ်ထည့်လိုက်၊ ဒီဇယ်ထည့်လိုက်ဆိုပြီး တိတ်တိတ်လေးအံကြိတ်ပြီး ပြောတာ"

ဒီဇယ်လည်းထည့်လိုက်ရော မီးခိုးအမဲတွေ ထွက်လာပြီး စက်လည်သွားရော ဗျာ......။

( တင်ပြသူ– **Big Boy** )

## ဟိုထဲမှာ

မနေ့က စလုံးမှာရောက်နေတဲ့ ညီမတစ်ဝမ်းကွဲလေးနဲ့ ဖုန်းပြောဖြစ်ကြတယ်။ သူက ရှေ့လထဲမှာ ဘန်းကျော် ( မြန်မာပြည် ) ပြန်မှာ။ သူဟိုမှာရှိနေတုန်း ကျနော် ကလည်းပြန်မှာဆိုတော့ သူကလာကြိုမယ်တဲ့။ ကျနော်ကပြောတယ်...
"အေးဟာ.. လေဆိပ်ကနေ အိမ်ပဲရောက်မလား၊ ဟိုထဲပဲ တိုက်ရိုက်ရောက်သွားမလားမသိဘူး"...လို့ပြောတော့၊ သူကခုလိုအားပေးပါတယ်။

"ဟာ...ကောင်းတာပေါ့... မကြီးရာ၊ ဟိုထဲမှာဆရာတော်တွေဖူးရတာပေါ့တဲ့".....ကဲ။

( တင်ပြသူ– Mya )

## မြင်ကြည့်လိုက်ပါ

အဲဒီ စလုံးကညီမလေးပဲ။ ဟို စိန်မင်္ဂလာဆောင်ခွေ ထွက်စတုန်းက လူတွေကလည်းအရမ်းပြောကြ။ ဒီကလည်းကြည့်ချင်လှပြီ။ ဒီကိုလည်းမရောက်သေး။ အဲဒါသူက ဘန်းကျော်ကနေပြန်ရောက်ခါစ၊ အခွေကိုသူကကြည့်လာခဲ့တာလေ။ သူ့ကိုဖုန်းဆက်ပြီး အခွေအကြောင်းမေးတာပေါ့။ ဒီဘက်ကလူကသာ ဟပ်ထိုးလိုက်မေးနေရတာ၊ သူကမပြောချင်သလို ပြောချင်သလို၊ ပြီးတော့ပြောသေးတာ... ကျနော်ဖြင့် ဆုံးအောင်တောင်မကြည့်ခဲ့ပါဘူး... ၊ မျက်နှာတွေမြင်ရတာ ကျက်သရေမရှိလို့..တဲ့။ ကျနော်ကလည်းမေးမိပြန်ရော။ "သတို့သမီးကရော လှလား" လို့ဆိုတော့...

"သူ့အဖေကြီးကို ဂါဝန်အဖြူကြီး ဝတ်ပေးထားတဲ့ပုံကိုသာ မျက်စိထဲမြင်ကြည့်လိုက်ပေါ့ မကြီးရာ"... တဲ့။

( တင်ပြသူ– Mya )

## ပြီးခါစမို့

ပုဂလိက ဟိုတယ်စီမံကိန်း တခုအတွက် ဗိုလ်မှူးကြီးတဦး လာရောက်မည်ဖြစ်သောကြောင့် ပြာတာတို့ ပြာရာခတ်နေကြသည်။ မနက်စောစောထဲက ပြာရာခတ်နေရသောကြောင့် အတော်လေးအရှိန်ရနေကြသည်။ သတ်မှတ်ထားသော အချိန်နားကပ်လာသည်။ ပိုင်ရှင်မှ ပြာတာမန်နေဂျာကိုမေးလိုက်သည်။

"ဟေ့ စစ်ဆေးရေးတွေမလာသေးပါလားကွ"

အရင်ကဆို အစည်းအဝေးမတိုင်ခင် စစ်ဆေးရေးဆိုသော ဟိုလှန်ဒီလှန် ဝေါကီတော်ကီနှင့်လူတချို့ လာရောက်တတ်သောကြောင့် မေးရခြင်းဖြစ်သည်။

ပြာတာမန်နေဂျာမှာ "လာမှာပါစောသေးလို့ပါ ဆရာ" ဟုပြန်ပြောသည်။

တခဏ . . .

ဟောရောက်လာကြသည်။ မဆလာဂျစ်ကလေး တစီးတည်း ဝင်လာသည်။

ကားပေါ်မှ ကုတ်ချောင်းချောင်းဖြင့် ဆင်းလာသည်။ ရုံရွှေတော် လေးယောက် လောက်ဖြင့် ...

ပိုင်ရှင်မှ " ဆရာတို့ ရှာစရာရှိ မြန်မြန်ရှာကြပါ ဗိုလ်မှူးကြီးတော်ကြာ လာတော့မှာ" ဟုဆိုကာ တံခါးဖွင့်ပေးလိုက်သည်။

ထိုသူသည် ဗိုလ်ချုပ်မှူးကြီးထိုင်ခုံတွင် ထိုင်လိုက်သည်။ ဒီတော့မှ သူနှင့်အတူ ပါလာသော ဗိုလ်လေးက ပိုင်ရှင်ကို ပြောလေသည်။

" အဲဒါဗိုလ်မှူးကြီးခင်ဗျ "

ဒီလိုနဲ့ ပွဲပြီးလို့ အားလုံးပြန်သွားကြတော့ ပိုင်ရှင်က ပြာတာမန်နေဂျာကို မေးလိုက်သည်။

" ဘယ်လိုဖြစ်တာလည်းကွာ အရင်ကဆို တခမ်းတနားလာတာမဟုတ်လား "

ပြာတာမန်နေဂျာ ပြန်ဖြေလိုက်သည်။

" စက်တင်ဘာ ပြီးခါစမို့ပါ ဆရာ " တဲ့။

မှတ်ချက်။ ။ စက်တင်ဘာ အရေးအခင်းအပြီး ပုန်းလျှိုကွယ်လျှိုး အချိန်။

( တင်ပြသူ– **nelayne** )

## လျှို့ဝှက်ချက်ပေါက်ကြားမှု

ဆိုဗီယက်အင်ပါယာကြီး တည်ရှိစဉ်ကာလ၊ တနေ့ သက်ကြီးရွယ်အို တစ်ယောက် မော်စကိုမြို့ လမ်းမလယ်တွင် လျှောက်၍ အော်နေသည်။ သူအော်သည်မှာ ...

" တိုင်းပြည်ကို အုပ်ချုပ်တဲ့ ကောင်တွေအားလုံး ခေါင်း(ဦးနှောက်)မရှိဘူး "

မကြာပါ ထုံးစံအတိုင်း သူ့ကို ကေဂျီဗီ ထောက်လှန်းရေးများ ဖမ်းသွား၏။ နောက်ဆုံး တရားရုံးမှ ကြားနာစစ်ဆေးပြီး ထောင်ဒဏ် ၁၅ နှစ်ချလိုက်သည်။ ပြစ်ဒဏ် အသေးစိတ်မှာ ...

သူ၏ စကား " တိုင်းပြည်ကို အုပ်ချုပ်တဲ့ကောင်တွေအားလုံး ခေါင်း(ဦးနှောက်) မရှိဘူး " အတွက် ထောင်ဒဏ် ၁ နှစ်၊

အဲ ... တိုင်းပြည်၏ ထိပ်တန်းလျှို့ဝှက်ချက်ပေါက်ကြားခြင်းအတွက် ထောင်ဒဏ် ၁၄ နှစ် ... တဲ့။

( တင်ပြသူ– **Zulu** )

ကိုဇူးလူးရဲ့ ဟာသလေးကို ဆက်ထားတာ ရှိသေးလို့ပါ... အဲဒီ လူကို ထောင် ၁၅ နှစ်ချလိုက်ပေမယ့် နောက် ၃ နှစ်လောက်နေတော့ ပြန်လွှတ်ပေးလိုက်ပါတယ်... ဘာလို့လဲဆိုတော့ " တိုင်းပြည်ကိုအုပ်ချုပ်တဲ့ ကောင်တွေအားလုံး ခေါင်း (ဦးနှောက်)မရှိဘူး " ဆိုတဲ့ကိစ္စဟာ အဲဒီအချိန်မှာ (နောက် ၃နှစ်အကြာမှာ)

နိုင်ငံတော် ထိပ်တန်းလျှို့ဝှက်ချက် မဟုတ်တော့လို့ပါတဲ့... ( ပြည်သူတွေ အားလုံး လက်ခံလိုက်ပြီလေ ) 😁😁😁

( တင်ပြသူ – **solidsnake** )

## အခွင့်အရေး

နောက်တစ်ခုက ရုရှတစ်ယောက်က ပြန်ပြောပြခြင်းပါ။

ဆိုဗီယက်ယူနီယံ အချိန်ကာလ၊ တနေ့ မော်စကိုမြို့ စက်ရုံတခုသို့ အမေရိကန် နိုင်ငံသား တစ်ယောက် ရောက်လာပြီး၊ ရုရှ အလုပ်သမားတစ်ယောက် နှင့် စကားလက်ဆုံ ကျ၏။

**အမေရိကန်** " မင်းတို့ ရုရှတွေက ငါတို့ အမေရိကန်တွေလို သမ္မတ မကောင်းရင် မကောင်းဘူးလို့ ဖွင့်ပြောလို့ရလား။ သမ္မတ အိမ်ဖြူတော်ရှေ့မှာ အော်လို့ရလား "

**ရုရှ** "မရဘူး"။

**အမေရိကန်** "မင်းတို့ရုရှတွေ ငါတို့လို လူ့အခွင့်အရေး အပြည့်အဝရှိလား၊ ဒီမိုကရေစီရှိလား"

**ရုရှ** "မရှိဘူး"။

အဆုံး ရုရှက ပြန်ပြော၏။

**ရုရှ** " မင်းတို အမေရိကန်တွေ ငါတို့ ရုရှားတွေလို စက်ရုံလာပြီး၊ အခုလို အလုပ် ကောင်းကောင်း မလုပ်လို့ ရလား"

**အမေရိကန်** "ဟ လုပ်လို့မရဘူးကွ။"

**ရုရှ** "မင်းတို့အမေရိကန်တွေ ငါတို့ ရုရှတွေလို အလုပ်အချိန်မှာ အပြင်ထွက်၊ ဆေးလိပ်သောက်၊ လဖက်ရည် သောက်လို့ရလား။"

**အမေရိကန်** " ဟာ ဒီလိုလည်း လုပ်လို့မရဘူးကွာ။"

**ရုရှ** "မင်းတို့အမေရိကန်တွေ ငါတို့ရုရှတွေလို၊ အလုပ်ကို ဖိဖိစီးစီး ကောင်းကောင်း မလုပ်ဘဲ လကုန်ရင် လုပ်အားခအပြည့်အဝရလား။"

**အမေရိကန်** "ဒါမျိုးလည်း မရဘူးကွ။ ငါတို့ ကိုယ်လုပ်ရင် လုပ်သလောက် ဘဲရတာ။"

**ရုရှ** "တွေ့လား မင်းတို့ အမေရိကန်တွေလုပ်လို့မရတာ ငါတို့ အကုန်ရတယ်။"

( တင်ပြသူ – **Zulu** )

## နိုင်ငံတော်ဆိုတာ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်နေ့တိုင်း မိန့်ခွန်းပြောကြားမြဲဖြစ်လေ၏။

“ရဲဘော်တို့ ငါတို့ဟာ နိုင်ငံတော် တိုးတက်ကြီးပွားဖို့ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ကြရမှာပဲ ဖြစ်တယ်။”

နှစ်ပေါင်းများစွာ ကြာလာ၏။

ထိုအတောအတွင်း ဗိုလ်ချုပ်မှူးကြီး၏ တပည့်သားမြေးများမှာ ဆယ်သက်စားမကုန်အောင်၊ ချမ်းသာသွားကြလေ၏။ တိုင်းပြည်ကား ဆင်းရဲမွဲတေလျက်ပင်။

နောက်ဆုံးတွင် ပြည်သူတို့မှာ အောက်ပါအတိုင်း ငြီးငြူလို့သာ နေရပါတော့သည်။

“ အော် ... နိုင်ငံတော်ဆိုတာ သူတို့ကိုယ်ကိုသူတို့ ပြောတာကိုး ...”

( တင်ပြသူ – mgpo )

## မဲပေးခြင်း

ဆန္ဒခံယူပွဲ ကျင်းပရေးအတွက် တာဝန်ရှိ ပုဂ္ဂိုလ်များကို သတင်းထောက်များမှ မေးမြန်းနေကြသည်။

ထောက်။ ။ အခုကျင်းပမယ့် ဆန္ဒခံယူပွဲမှာ မဲလိမ်မယ်လို့ သတင်းတွေ ကျယ်ကျယ် ပြန့်ပြန့် ပေါ် ထွက်နေပါတယ် ... အဲဒါနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါလား ခင်ဗျာ ...

တာဝန်ခံ။ ။ မဟုတ်ရပါဘူးခင်ဗျာ ... မဲလိမ်ဖို့အစီအစဉ် လုံးဝမရှိပါဘူး။ ချမှတ်ထားတဲ့ ဥပဒေများနဲ့အညီ ကျင်းပပေးသွားမှာပါ။

ထောက်။ ။ ဩော် ဟုတ်ကဲ့ ... ဘယ်လိုများ မဲပေးရမှာလဲ ခင်ဗျာ ....

တာဝန်ခံ။ ။ ပထမဦးစွာ မဲရုံမှာ မဲပေးဖို့ စာရင်းပေးပြီး မဲစာရွက်ကို ရယူရပါမယ်။ ထောက်ခံမယ်ဆိုရင်တော့ သတ်မှတ်ထားတဲ့ အကွက်မှာ အမှန်ကလေး ခြစ်လိုက်ရုံပါပဲ။ သိပ်လွယ်ပါတယ်။

ထောက်။ ။ ကန့်ကွက်မဲနဲ့ပတ်သတ်ပြီးတော့ ရှင်းပြပေးပါဦး။

တာဝန်ခံ။ ။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျနော့်မှာ ပြောပိုင်ခွင့်မရှိပါဘူး။ သိချင်ရင် အထက်ကို အစီရင်ခံပေးပါ့မယ် ....

ထောက်။ ။ ဟုတ်ကဲ့ ... ပယ်မဲကိုရော ဘယ်လို သတ်မှတ်ပါသလဲ ...

တာဝန်ခံ။ ။ ကြက်ခြေခတ်ခြစ်ထားတဲ့ မဲတွေကို ပယ်မဲ အဖြစ်သတ်မှတ်ပါတယ် ခင်ဗျ ....

( တင်ပြသူ- Clinton )

## ဗေဒင်ဟောခြင်း

ဗေဒင်ဆရာ ဦးရွှေသည် နာမည်ကျော်တစ်ဦး ဖြစ်သည်။ တပည့်လေးများစွာ၏ ဝိုင်းဝန်းပညာယူမှုကို ခံရသူဖြစ်သည်။

တနေ့ – လူတဦး ဝင်လာသည်။

ဆရာ ။ ။ ကဲ နာမည်လေး ပြောပါဦး ...

မေးသူ။ ။ " ––––"

ဆရာ။ ။ သြော် ... တနင်္ဂနွေသားပဲ ... ခင်ဗျား ကြီးပွားကိန်းမြင်တယ်။ တနင်္ဂနွေနံ နဲ့စတဲ့ နိုင်ငံကြီး တစ်နိုင်ငံရဲ့သံရုံးရှေ့မှာ စာရွက်တရွက်ကို ကိုင်ပြီး လမ်းလျှောက်ရင် ငွေ အစုလိုက် အပြုံလိုက်ဝင်ပြီး နာမည်ကျော်မယ်။ အကြီးအကဲ တွေရဲ့ ကြည့်ရှု စောင်မမှုကို ရလိမ့်မယ် ....

ထိုသူ ထွက်သွားပြီး နောက်တစ်ဦး ဝင်လာပြန်သည်။

ဆရာ။ ။ ကဲ နာမည်လေး ပြောပါဦး ...

မေးသူ။ ။ " –––––"

ဆရာ။ ။ သြော် ... တနင်္ဂနွေသားပဲ ... ခင်ဗျား သတိထားရမယ်။ တနင်္ဂနွေနံ နဲ့စတဲ့ နိုင်ငံကြီး တစ်နိုင်ငံရဲ့သံရုံးရှေ့မှာ စာရွက်တရွက်ကို ကိုင်ပြီး

လမ်းလျှောက်ရင် အကြီးအကျယ် ဒုက္ခတွေ့လိမ့်မယ်။ အဖမ်းအဆီးမြင်တယ်။ ထောင်တန်း ကျကိန်းရှိတယ်။ အကြီးအကဲတွေ အမျက်ရှလိမ့် မယ် ....

ထိုသူ ထွက်သွားပြီးနောက် ....
တပည့်များက ဝိုင်းပြီး မေးကြလေသည်။

တပည့်များ။ ။ဆရာ နာမည်လေးပဲ မေးပြီး ဘယ်လို ဟောလိုက်တာလဲ ...
တနင်္ဂနွေသားချင်း အတူတူ ဟောချက်က လုံးဝ ဆန့်ကျင်နေတယ်နော် ...
ဂြိုလ်စီး ဂြိုလ်နင်းကြောင့်များလား။

ဆရာ။ ။ အင်း – မင်းတို့နဲ့မလဲ ခက်ပါတယ်။ ဗေဒင်ဟောတယ်ဆိုတာ ပြင်ပဗဟုသုတလေးလဲ ရှိရတယ်ကွ ... ပထမလူ နာမည်က **ကိုအေးလွင်** တဲ့ ။ ဒုတိယလူက **ဦးအုန်းသန်း** တဲ့ကွာ .... ငါ ဘာမှ မတွက်ဘူး .. နာမည်ကြည့်ပြီး ဟောလိုက်တာပဲ .....

( တင်ပြသူ– Clinton )

## ၂၀ ရာစုဘဘမှူးကြီးရဲ့အဆို။

ငါတို့အရင်ကဆို တိုက်ပွဲအလီလီမှာ အနိုင်ရတာ ရမ်ဘိုလို စိတ်မျိုးနဲ့ အသေခံ တိုက်ခဲ့တာကွ...

သားတော်တို့လည်း တိုက်ပွဲတစ်ပွဲကို ရမ်ဘိုလိုစိတ်မျိုးမွေးပြီး တိုက်ရင် နိုင်ကိုနိုင် ရမယ်ကွ....။

## ၂၁ ရာစုဘဘမှူးကြီးရဲ့အဆို။

သားတော်တို့.... ရမ်ဘိုလို စိတ်မျိုးမွေးရင်... အဘတို့တပ်က လုံးဝလက်မခံဘူး နော်...ဟွန်း။

တေသွားမယ်....။ ဘာမှတ်နေလဲ။ %$^#^*!@@@*(*^^$

( တင်ပြသူ– **GeneralBoz** )

“ဟယ် ... ဒါတော့ ...”

တနေ့သ၌ “ဘိုးတော် မင်းမတရားကြီး”သည် မိမိ၏ နေပြည်တော်သစ်ကြီး မည်မျှ စည်ကားသာယာနေသနည်း ဆိုသည်ကို သိလိုသောကြောင့် အမတ်ကြီး ဦးပေါ်ရှူး အား ခေါ်၍ မေးမြန်းတော်မူ၏။

ဘိုးတော်။ ။ “ဟဲ့၊ ပေါ်ရှူး၊ ငါကိုယ်တော်မြတ် နေပြည်တော်သစ်ကြီးရဲ့ လက်ရှိ အခြေအနေကို သိလိုတော်မူတယ်။ မောင်မင်း သိသလောက် လျှောက်တင်စမ်း။”

ဦးပေါ်ရှူး။ ။ “မှန်လှပါ၊ ဘုန်းတော်ကြောင့် အရှင့်နေပြည်တော်ကြီးဟာ နတ်ပြည်နဲ့မှားလောက်အောင် စည်ကား သာယာဝပြော နေပြီဖြစ်ကြောင်းပါ။”

ဘိုးတော်။ ။ “အိမ်း၊ ငါကိုယ်တော် အားရတော်မူလှသကွယ်၊ အကျယ်သဝင့် ရှင်းလင်း လျှောက်တင်ဦးလော့ အမတ်ကြီး။”

ဦးပေါ်ရှူး။ ။ “မှန်လှပါ၊ ရုံးတော်များ အားလုံးကို ရန်ကုန်မှ ရွှေ့လာပြီးကြောင်း ပါ။ ရန်ကုန်ပိဋကတ်တိုက်ကြီးမှ စာအုပ်အားလုံးကို သယ်ယူပြီး နေပြည်တော် ပိဋကတ်တိုက်သစ်ကြီးအဖြစ် တည်ထောင်ပြီးကြောင်းပါ။ ရန်ကုန်တိရစ္ဆာန်ရုံမှ တိရစ္ဆာန်များကိုလည်း နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့ ပြောင်းရွှေ့ထားရာ အတော် စုံစုံလင်လင် ရှိနေပါပြီ ... ဖျာ့။”

ဘိုးတော်။ ။ “မီးများကော မှန်ရဲ့လားကွဲ့။”

ဦးပေါ်ရှူး။ ။ "မှန်လှပါ၊ ရန်ကုန်မြို့ရဲ့ လျှပ်စစ်မီးခွဲတမ်းများကို လျှော့ပြီး နေပြည်တော်ကို လျှပ်စစ်မီး ထိန်ထိန်ညီးစေရန် စီစဥ်ထားကြောင်းပါ"

ဘိုးတော်။ ။ "ကိုးကွယ်ဖို့ အတွက်ကော ..."

ဦးပေါ်ရှူး။ ။ "မှန်လှပါ၊ ရန်ကုန်က ရွှေတိဂုံဘုရားကြီးကိုလည်း ဒီကို ရွှေ့လာဖို့ ကြံရွယ် ထားပါတယ်... ဖျာ့"

ဘိုးတော်။ ။ "ကောင်းသကွယ်၊ နောက်ပြီး ငါ့လူတွေဖို့ ပျော်စရာ ပါးစရာတွေ စီစဥ်ပေးဖို့လည်း မကျန်စေနဲ့ဦးကွဲ့။"

ဦးပေါ်ရှူး။ ။ "မှန်လှပါ၊ ရန်ကုန်မှာရှိတဲ့ အနှိပ်ခန်းများကိုလည်း ဖိမ်မယ်များပါ မကျန်ခဲ့လေအောင် ပြောင်းလာခဲ့ခိုင်းပြီးပါပြီ ...ဖျာ့။"

ဘိုးတော်။ ။ **"ဟယ် ... ဒါတော့ အသစ်လေးတွေ ရှာခိုင်းလကွယ် ..."**

( တင်ပြသူ– mgpo )

ဘာဘကြီးကျေးဇူး

ခလရ ( ) ၏ တပ်သားသစ် သင်တန်းဆင်းပွဲတွင်ဖြစ်သည်။ အခမ်းအနား အစီအစဉ်တွင် ဆုရရှိသော သင်တန်းသားများမှ ကြွရောက်လာသော ဧည့်သည်တော်များကို ကျေးဇူးတင်စကား ပြန်လည်ပြောကြားရန် အစီအစဉ်လည်း ထည့်သွင်းထား၏။ သင်တန်းမဆင်းမီကတည်းက သင်တန်းမှူးက ဆုရရှိသော ရဲဘော်များကို ၄င်းတို့ ကျေးဇူးတင်စကား ပြောကြားရာတွင် အဘကြီး (ဗိုလ်ချုပ်မှူးကြီး) ၏ ဂုဏ်ကျေးဇူးကြောင့် ၄င်းတို့ ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများ ဖြစ်လာရကြောင်း မဖြစ်မနေ ထည့်သွင်းပြောကြားရန် အမိန့်ချထား၏။

သင်တန်းဆင်းသောနေ့။

ပထမ ... အကောင်းဆုံးစံပြဆုရရှိသော သင်တန်းသား အောင်မြင့်က

"ကျနော် ယခုလို စံပြဆုရရှိခြင်းဟာ အဘကြီးရဲ့ ဂုဏ်ကျေးဇူးကြောင့်ဖြစ်ပါတယ်။ ကျနော် ဘာဘဲလုပ်လုပ် အဘကြီးကို အမြဲနှလုံးသွင်းပြီး လုပ်တဲ့အတွက် အခုလို စံပြဆု ရရှိခြင်းဖြစ်ပါတယ်။"

လက်ခုပ်သံများ တဖြောင်းဖြောင်း ...

နောက်တစ်ယောက်၊ စာပေထူးချွန်ဆုရသင်တန်းသား သန်းနိုင်

"ကျနော် အခုလို စာပေထူးချွန်ဆု ရရှိခြင်းဟာ အဘကြီးရဲ့ ဂုဏ်ကျေးဇူးကြောင့် ဖြစ်ပါတယ်။ ကျနော် စာပေ သင်ခန်းစာတွေ လေ့လာမှတ်သား သင်ယူတဲ့နေရာမှာ

အဘကြီးကို အမြဲနှလုံးသွင်းတဲ့အတွက် အခုလို စာပေထူးချွန်ဆုရရှိခြင်း ဖြစ်ပါတယ်။”

လက်ခုပ်သံများ ရှေ့ကအတိုင်း ...

နောက်ဆုံးတစ်ယောက်၊ လက်ဖြောင့်အကောင်းဆုံးဆုရ သင်တန်းသား မောင်တူး

“ကျနော် အခုလို လက်ဖြောင့်အကောင်းဆုံးဆု ရရှိခြင်းဟာ အဘကြီးရဲ့ဂုဏ်ကျေးဇူးကြောင့်ဖြစ်ပါတယ်။ အဲ့ဒီနေ့က ကျနော်ပစ်မဲ့ပစ်မှတ်စက်ဝိုင်းရဲ့ အလည်တည့်တည့်မှာ အဘကြီးရဲ့ပုံ ပေါ်လာလို့ပါဘဲ။”

လက်ခုပ်သံများ စောစောကထက် ပိုပြီး ဆူညံသွားသည်။

မကြာမီ မောင်တူး တပ်ရင်းမှ ပျောက်သွားလေသည်။

( တင်ပြသူ– Zulu )

## ပညာရေးစနစ်သစ်

ဘန်းကျော်ရွှေနိုင်ငံကြီးတွင် တက္ကသိုလ်ကြီး ၁၀၀၁ ခုတည်ပြီး၊ ပညာရေးကို စလုံး၊ ယပက်လက် တို့ကိုသာမက ဆလိမ် (ဆိုမာလီယာ) ရကောက် (ရဝမ်ဒါ) တို့ကိုအမှီလိုက်နိုင် ကြိုးစားနေချိန် ..

ဂျုပ်ကြီး။ ။ အိမ်း .. ငါ့နိုင်ငံတော်တဝှမ်းက တက္ကသိုလ်ကြီး ၁၀၀၁ ခုမှာ မျိုးဆက်သစ် မီးခဲပြာဖုံးလေးတွေ ပေါ်ထွက်ရဲ့လား ပညာဝန်ကြီး။

ပညာဝန်ကြီး။ ။ "ဂျုပ်ကြီးတို့ဖုန်း မိုးသို့ချွန်း ပွေးပုန်းပေါင်မှာ မနေသာ" ဆိုသလို မီးခဲပြာဖုန်းလေးတွေ အမြောက်အများ တွေ့ရှိထားကြောင်းပါ ..

ဂျုပ်ကြီး။ ။ အေး ... အေး ... တွေ့ရင် ရေလောင်းထားလိုက်၊ မတော် ထတောက်နေဦးမယ်။

(ဤတွင် မီးခဲရေလောင်း ပညာရေးစနစ်ကြီး ပေါ် ထွန်းလာသတည်း။ )

( တင်ပြသူ– **cohtet** )

## နိုးတဲ့သူ သတိထား

Vote No , Vote No နဲ့ ပြည်သူတွေရဲ့အသံတွေ ထွက်လာတော့ ရဝတတွေ၊ ကြံ့ဖွံ့တွေကလည်း No တဲ့သူတွေကို မဲရုံတွေမှာ ကင်မရာတွေတပ်ထားပြီး မှတ်ထားမယ်။ သိရင်မလွယ်ဘူး ဆိုတဲ့လေသံတွေနဲ့ ရပ်ကွက်ထဲမှာ လိုက်ပြီး ခြိမ်းခြောက်သလိုလို စည်းရုံးနေသလိုလို လုပ်ကြသတဲ့။
ဒီတော့ နီးရာစားကြောက်နေကြတဲ့ လူတွေကလည်း သူတို့ရှေ့မှာ " နိုး " ဆိုတဲ့စကား တိုးတိုးတောင် မဟ မိဖို့ သတိထားနေကြရတယ်ဆိုပဲ။

တညမှာ ...

ရပ်ကွက်ကလေး အိပ်မောကျစ ...

သန်းခေါင်ကျော်လို့ လူခြေတိတ်နေတဲ့အချိန် ...

ကျယ်ကျယ်လောင်လောင် အော်လိုက်တဲ့အသံကြောင့် လူတွေ အိပ်ပျော်ရာက လန့်နိုးလာကြရသတဲ့။

**"ဟေ့ ... ဒီရပ်ကွက်ထဲမှာ နိုးတဲ့သူတွေ ရှိသလားကွ"**

ဘုရား ... ဘုရား၊ ကြံ့ဖွံ့တွေ ညသန်းခေါင်ကြီးတောင် စည်းရုံးရေးများ ဆင်းနေကြသလားပေါ့။ လူတွေလည်း တံခါးပေါက်က အသာချောင်းကြည့်ယင်း ရန်ရှာမှာစိုးလို့ အသံတောင်မထွက်ဝံ့ကြဘူး။ ညကြီးမင်းကြီး မူးပြီးရမ်းနေတဲ့ ကိုယ်တော်က လမ်းပေါ် မှာရပ်ပြီး အဲသလိုပဲ ထပ်ထပ်အော်နေသတဲ့။

အတန်ကြာလို့ သူ့ကို တုံ့ပြန်တဲ့အသံ ဘာမှမကြားမှ ...

**"အေး ...အားလုံးအိပ်နေရင်ပြီးရော၊ ဆက်အိပ်ကြ၊ နိုးနေတဲ့သူရှိရင် ငါနဲ့တွေ့မယ်"** လို့ကြိမ်းဝါးပြီး ထွက်သွားပါသတဲ့။

အော် ... အမူးသမားကိုတောင် ကြောက်နေကြရတဲ့ ဘဝပါလားနော်။

( တင်ပြသူ – mgpo )

## ခွေးမှမဟုတ်တာ

"မီဒီယာကို မီဒီယာနဲ့တိုက်မယ်" ဆိုတဲ့ ဗိုလ်ချုပ်ကျော်ဆန်းရဲ့ မဟာဗျူဟာနဲ့ နအဖက မီဒီယာတိုက်ပွဲကြီး ဆင်နွှဲလာတာ အတော်အရှိန်ရနေပါပြီ။

အဲ ... အခုလည်း အတိုက်အခံတွေက Vote No Campaigm တွေ လုပ်လာကြတော့ နအဖကလည်း "ကမ်ပိန်းကိုကမ်ပိန်းနဲ့တိုက်မယ်" ဆိုတာ ထပ်လုပ်လာပြန်ရောဗျ။ သူတို့ရဲ့ Vote Yes Campaign မှာ ပါဝင်လှုပ်ရှား ကြသူတွေကတော့ ထုံးစံအတိုင်း ရဝတတွေ၊ ကြံ့ဖွံ့တွေ၊ စွမ်းအားရှင်တွေပဲပေါ့။

ရပ်ကွက်တခုမှာ ကြံ့ဖွံ့တယောက်က "နိုး" သမားတွေကို အားကျမခံ ပြိုင်ပြီး၊ "ရက်စ်" "ရက်စ်" နဲ့ လိုက်ပြောလိုက်တာ၊ ကြာတော့ စကားမပီနိုင်တော့ပဲ "ယက်" "ယက်" ဆိုပြီး ဖြစ်သွားသတဲ့။ အဲဒီမှာ ခပ်ရွှတ်ရွှတ် သူ့ဘကြီးတယောက်နဲ့ တွေ့တော့တာပဲ။

သူက သူ့ဘကြီးကို "ဘကြီးလည်း ယက်ရမယ်နော်" လို့သွားပြောမိတာ ...
ဟိုက ဘာပြန်ပြောသလဲဆိုတော့ ...
**"ဟ..ကောင်.. ယက်ရအောင် ငါက ခွေးမှမဟုတ်တာ"** ...တဲ့။

မှတ်သားရန် ။ ။ ခွေးများသာ (လျှာဖြင့်) လျက်ပါသည်။

( တင်ပြသူ– mgpo )

## အမိအမည်၊ အဖအမည်

ဆာဂျင်မောင်၏သားဖြစ်သူ ဂျူနီယာမောင်အား မဒမ်မောင် ကျောင်းသွားအပ်သည်၊ လျှောက်လွှာတွင်ရေးထားသော အဖအမည် .......... နှင့် အမိအမည် ...... ကို ကြည့်ပြီး ဆရာမက မဒမ်မောင်ကို "ရှုးနေသလား" ဟုမေးသည်။ မဒမ်မောင်က "ဆရာမ သတင်းစာမဖတ်ဘူးလား" ဟုပြန်မေးလိုက်သည်။ ချစ်စွာသော စာဖတ် ပရိတ်သတ်ကြီးရော သတင်းစာဖတ်ဘူးပါက မဒမ်မောင်ဖြည့်လိုက်သော ဂျူနီယာမောင်၏ အဖအမည်နှင့်အမိအမည်ကို သိကြမည်ဖြစ်ပါသည်၊၊ အကယ်၍ မသိသေးပါကဤပဟေဠိ၏အဖြေကို စာမျက်နှာ ( ၅၆ ) တွင် ရှာကြည့်ကြပါ။

မေတ္တာခံယူလျှက်

ရတနာမောင်

## ဘဘကြီးရဲ့ ဩဝါဒ (ဖြစ်ရပ်မှန်)

ရန်ကုန်မြို့တော်မှ နေပူတော်သို့ ဝန်ကြီးဌာနတွေစပြီးပြောင်းတဲ့အချိန်ပေါ့ဗျာ...

အဆောက်အဦးအသစ်တွေမှာ နေရာထိုင်ခင်းစီစဉ်...ရွှေ့လာတဲ့ပစ္စည်းတွေ နေရာချ လုပ်နေတုန်း..

ဘဘကြီးကြွလာတယ်ဆိုတော့.... အရာရှိအဘိုးကြီးတွေက လက်အုပ်မချီချင်ပဲ... ချီပြီး...

ဘဘကြီးရဲ့သြဝါဒကို ခံယူချင်ယောင်ဆောင်နေစဉ်မှာ....

ဘဘကြီးရဲ့ ပါးစပ်တော်မှ ဒီလိုစကားပြောသွားပါတယ်....

မင်းတို့တွေ လောလောဆယ်ပျင်းနေရင် သစ်ပင်တွေနဲ့ စကားပြောနေအုံးပေါ့ကွာ .... တဲ့...

ဘဘကြီးပြန်ကြွသွားတဲ့အချိန်မှာ.... အရာရှိအဘိုးကြီးတွေက တစ်ယောက်မျက်နှာ

တစ်ယောက်ကြည့်ပြီး.... ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်ခဲ့ပါတယ်... အရာရှိ

အဘိုးကြီးတွေ အားလုံးက စိတ်ထဲမှာ....

သြော်... တိုင်းပြည်အုပ်ချုပ် မင်းလုပ် နေတာ... ဒီလိုလူကြီးပါလား.... တဲ့....။ ။

( တင်ပြသူ- GeneralBoz )

ကိုရတနာမောင်ရဲ့ ပဟေဠိအဖြေ

အဖအမည် – တပ်မတော်

အမိအမည် — တပ်မတော်

## ဘက်မှားလို့

တိုင်းပြည်အကြီးအကဲတဦးသည် မိမိ၏နာမည်နှင့်ဂုဏ်ကို မြှင့်တင်ချင်သည့်အတွက် ကိုယ့်ပုံကို တံဆိပ်ခေါင်းအဖြစ် ထုတ်ဝေခဲ့သည်။ ထုတ်ဝေပြီး တလအကြာတွင် ရောင်းအားကောင်းမကောင်း စာတိုက်ကြီးသို့ ကိုယ်တိုင်သွားရောက်စုံစမ်းခဲ့သည်။

အကြီးအကဲ..... "ငါ့ပုံနဲ့ တံဆိပ်ခေါင်း ရောင်းအားကောင်းလားဟေ့"

စာတိုက်မှူး...... "ကောင်းပါတယ်......ဒါပေမယ့် တံဆိပ်ခေါင်းက၊ ကော် သိပ်မကပ်ဘူးလို့ ပြောကြတယ်။"

အကြီးအကဲ...... "မဖြစ်နိုင်တာ"

ကိုယ်တိုင် တံဆိပ်ခေါင်းတခုကို ယူပြီး၊ နောက်ကျောကို တံထွေး ထွေးကာ စာအိတ်ပေါ်တွင် ကပ်ကြည့်လိုက်သည်။

အကြီးအကဲ........ "ကပ်တာမှ မြဲနေတာပဲ"

စာတိုက်မှူး....... "သူတို့က တံထွေးကို တံဆိပ်ခေါင်းရှေ့ဘက်မှာ ထွေးကြလို့ပါ။"

( တင်ပြသူ- xinyaw13 )

## ကျူးပစ်တွေအတွက်သူဌေးဖြစ်နည်း

( ကျွန်တော်ကြားခဲ့ရတဲ့ အွန်လိုင်းကရတယ်ဆိုတဲ့ဟာသလေးပါ )

မှူးကြီးက သူနဲ့ကျောင်းနေဖက်သူငယ်ချင်းဟောင်းသုံးယောက်ကိုတွေ့တော့ …

မှူးကြီး။ ။'မင်းတိုသုံးယောက်ကြည့်ရတာ သိပ်အဆင်ပြေကြပုံမပေါ်ဘူး… ပြော …ငါဘာကူညီရမလဲ"

ပထမတစ်ယောက်။ ။ 'ငါ့ကို ကားတစ်စီးလောက်ပေးပါလားကွာ'

မှူးကြီး။ ။'အေးကွာ မင်းကြိုက်တဲ့ကားတစ်စီး ယူသွားလိုက်ကွာ'

ဒုတိယတစ်ယောက်။ ။ 'ငါကတော့ အိမ်တစ်လုံးလောက် လိုချင်တယ်ကွာ'

မှူးကြီး။ ။ 'ကောင်းပြီ ငါ စီစဉ်ပေးလိုက်မယ်'

တတိယတစ်ယောက်။ ။ 'ငါကတော့ သိပ်မလိုပါဘူး။ မင်းဓါတ်ပုံကြီးကြီးကို ဘောင်နဲ့ လိုချင်တယ်ကွာ'

မှူးကြီး။ ။ 'ဟ … အဆန်းပါလား။ ကောင်းပြီကွာ ငါ့ပုံတစ်ခုပေးလိုက်မယ်'

အဲဒီလို အကူအညီတွေပေးလိုက်ပြီး နောက်ခြောက်လအကြာမှာ သူ့သူငယ်ချင်း သုံးယောက်နဲ့ပြန်ဆုံတော့၊

ကားတောင်းတဲ့သူငယ်ချင်းက ကားရောင်းလိုက်တဲ့ ပိုက်ဆံကုန်သွားလို့ အရင်အတိုင်းပဲ ပြန်ဖြစ်နေတယ်။

အိမ်တောင်းတဲ့လူလည်း အရင်အတိုင်းပဲ အဆင်မပြေပြန်ဘူး။

ထူးထူးခြားခြား ဓါတ်ပုံဘောင်နဲ့တောင်းတဲ့ သူငယ်ချင်းက ဝတ်ကောင်းစားကောင်း နဲ့ ကားတွေဖုန်းတွေနဲ့ ဖြစ်နေတာတွေ့ရတယ်။ မှူးကြီးလည်း အံ့သြလို့ မေးကြည့်

တော့၊ သူက 'မင်းမသိချင်ပါနဲ့ကွာ ငါအဆင်ပြေရင် မင်းဝမ်းသာပေါ့ကွာ' လို့ပဲ ပြောသွားတယ်။

မှူးကြီးသိပ်စိတ်ဝင်စားသွားတယ်။ နောက်နေ့ကျတော့ သူ့တပည့်တစ်ယောက်ကို သွားစုံစမ်းခိုင်းတယ်။ သူ့တပည့်ပြန်လာတော့ 'သူ့အိမ်သွားကြည့်တာ တော်တော် ချမ်းသာတာကိုတွေ့ရတယ်။ ဘာအလုပ်လုပ်လဲ ဆိုတာမသိရဘူး။ အိမ်အနောက် ထဲကို လူတွေဝင်ဝင်သွားတာပဲ တွေ့ခဲ့တယ်' လို့ပြန်အစီရင်ခံတယ်...။

မှူးကြီးက "မင်းလည်းအိမ်အနောက်ထဲလိုက်ဝင်ပြီးစုံးစမ်းချေ" လို့ခိုင်းလိုက်တယ်။

အဲဒီတော့ သူ့တပည့်က အိမ်အနောက်ထဲထိ အခြားသူတွေနဲ့လိုက်ဝင်သွားတော့ လူတွေအများကြီး၊ တန်းစီစောင့်နေတဲ့လူတွေအများကြီးပဲ။

သူ့အလှည့်ရောက်တော့ အခန်းထဲဝင်ကြည့်တော့မှ........

အခန်းကြမ်းပြင်မှာ မှူးကြီးရဲ့ဓါတ်ပုံကိုချထားတယ်။ နံရံမှာရေးထားတာက...

၁။ ထိပ်တံတွေးနဲ့တို့ချင်ရင် ၅၀၀၀

၂။ ဖနောင့်နဲ့ပေါက်ချင်ရင် ၁၀၀၀၀

၃။ ရှူးရှူးပေါက်ချင်ရင် ၃၀၀၀၀

လို့ရေးထားတာကို တွေ့လိုက်ရပါတယ် ...တဲ့။

( တင်ပြသူ– အကယ်ဒမီ )

## ဒီနေ့ သူမရှူးပါ။

တခါက အကြီးအကဲသည် စိတ္တဇဆေးရုံသို့ သွားရောက် ကြည့်ရှုခဲ့သည်။ ဆေးရုံရှိလူနာများက အကြီးအကဲကို တွေ့သည်နှင့်.. "အကြီးအကဲ ကျန်းမာပါစေ ...နေကောင်းပါစေ....သက်တော်ရှည်ပါစေ..." ဟု ကောင်းချီးပေးကာ ကြိုဆိုကြသည်။ သို့သော် လူနာတဦးမှာ ဘာမှမပြောဘဲ အကြီးအကဲအား မျက်နှာလွှဲပြီး နေသည်။ အကြီးအကဲက မြင်သော် " ဒီလူနာက ငါ့ကိုမြင်တာတောင် မကြိုဆို ပါလား" ဟု ဆေးရုံအုပ်အား မေးလိုက်သည်။

ဆေးရုံအုပ် ပြန်ဖြေလိုက်သည်မှာ " လူနာရဲ့စိတ် ဒီနေ့ အခြေအနေကောင်း နေတယ် " ဟူသတည်း။

( တင်ပြသူ – **xinyaw13** )

## အားလုံးပျော်ကြရအောင်

တစ်ခါက နိုင်ငံတော်အကြီးအကဲ ခေါင်းဆောင်သုံးဦးဟာ ရဟတ်ယာဉ်စီးပြီး နိုင်ငံ အခြေအနေကို လေ့လာဖို့ လှည့်လည်ခဲ့တယ်။

ပထမ အကြီးအကဲ " တကယ်လို့ အခုချိန်မှာ ငါသာ ငွေတစ်ထောင်တန်တစ်ရွက် ပစ်ချလိုက်ရင် ကောက်ရတဲ့လူက အရမ်းပျော်မှာပဲ"

ဒုတိယ အကြီးအကဲ " တကယ်လို့ ငါသာ ၅၀၀တန်နှစ်ရွက် ပစ်ချလိုက်ရင် လူနှစ်ယောက်ပျော်ရမယ် "

တတိယ အကြီးအကဲ "တကယ်လို ငါသာ ၁၀တန်ဆယ်ရွက် ပစ်ချလိုက်ရင် လူဆယ်ယောက် ပျော်ရမယ် "

သူတို့အချင်းချင်း ပြောနေတဲ့ စကားကိုကြားတော့ လေယာဉ်မှူးက အခုလို ပြောလိုက်သတဲ့...

"အကြီးအကဲတို သုံးဦးလုံးသာ ခုန်ချလိုက်ရင် နိုင်ငံမှာရှိတဲ့ လူတွေအားလုံး ပျော်ကြမှာပဲ " ဟူသတည်း။

( တင်ပြသူ – **xinyaw13** )

## ကလေးတို့သိတဲ့ သူရဲကောင်း

တစ်ခါက သွားလေသူ ဘဘဗိုလ်ချုပ်ကြီးက မူလတန်းကျောင်းလေးတစ်ကျောင်းကို မာလ်တီမီဒီယာ ကလိုစ့်ရှမ်းဆိုလား ဖွင့်ပွဲရှိလို့သွားသတဲ့။ ဖွင့်ပွဲအပြီးမှာ ကျောင်းအုပ်ကြီးနဲ့အတူ ဘဘဗိုလ်ချုပ်ကြီးက ကျောင်းသားတွေကိုရင်းရင်းနှီးနှီးနဲ့ နှုတ်ဆက်ပါသတဲ့။

ကျောင်းသူ၊ကျောင်းသားတွေကလည်း လက်အုပ်လေးတွေချီပြီး ဘဘဗိုလ်ချုပ်ကြီး ဆိုပြီးနှုတ်ဆက်ကြနဲ့ပေါ့။

အဲ ... ဘဘဗိုလ်ချုပ်ကြီးက ဘယ်လိုစိတ်ကူးပေါက်သွားတယ်မသိ၊ မြန်မာရာဇဝင်ထဲက ထင်ရှားကျော်ကြားတဲ့ သူရဲကောင်းကြီးတစ်ယောက်လောက် ပြောပြပါဦးလို့မေးသတဲ့။

ကျောင်းသား၊ ကျောင်းသူတွေဆီက ဘာသံမှမထွက်လာတော့ ကျောင်းအုပ်ကြီးမျက်နှာဟာ ဆီးရွက်လောက်ပဲရှိတော့သတဲ့။

ဘဘဗိုလ်ချုပ်ကြီး။ ။ "သားတို့သမီးတို့ မေ့နေကြတယ်ထင်တယ်။ ဘဘအစဖော်ပေးမယ်။ အဲဒီသူရဲကောင်းကြီးက ဓားရေးလှံရေး ကျွမ်းကျင်တယ်လေ။ သူနာမည်က ကျန် နဲ့စတယ်လေ ..."

ဆိုတော့ ...

ကျောင်းသားလေးတစ်ယောက်က သူသိတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ လက်ထောင်ပြတော့မှ ကျောင်းအုပ်ကြီးလဲ ရင်ထဲကအလုံးကြီး ကျသွားပါသတဲ့။ ဒါပေမဲ့ ဘဘဗိုလ်ချုပ်ကြီးက "သားသိရင် ဖြေစမ်းပါဦးကွ" လို့ပြောလိုက်လို့ တပည့်ဖြစ်သူရဲ့အဖြေစကားကိုကြားပြီး ကျောင်းအုပ်ကြီးရော ဘဘဗိုလ်ချုပ်ကြီးပါမျက်နှာမည်းကနဲ ဖြစ်သွားပါသတဲ့။

မောင်ညီမလေးတို့ရေ
ကျောင်းသားလေးဖြေလိုက်တဲ့ မြန်မာရာဇဝင်ထဲက ထင်ရှားကျော်ကြားတဲ့ သူရဲကောင်းကြီးတစ်ယောက်ကတော့ ကျန်ကျောင်း ပါတဲ့ကွယ်။

မောင်ညီမလေး တို့လဲ အဲဒီမြန်မာသူရဲကောင်းကြီးကို မမေ့ကြနဲ့နော်။ ။ 😁😁😁

( တင်ပြသူ– **yadanarmg** )

တစ်ခါသော အခါက ဗိုလ်ချုပ်ကြီးခင်ညွန့် ခေတ်ကောင်းစဉ်အခါကပေါ့ဗျာ။ တရက် ဗိုလ်ချုပ်ကြီးက တပ်မတော်နေ့အတွက် ပြင်ဆင်ထားတဲ့ တော်လှန်ရေး ပန်းခြံကို လှည့်ပတ်ကြည့်ရှု စစ်ဆေးနေတယ်တဲ့။ သူတစ်ယောက်ထဲ စိတ်လွတ် ကိုယ်လွတ် ကြည့်နေရင်းမှ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထုရှေ့ရောက်လာပါသတဲ့။ ရုတ်တရက် ...

" ဟေ့ကောင် .. ခင်ညွန့် "

ဆိုတဲ့အသံထွက်လာတယ်။ ရုတ်တရက် သူလည်း ဒေါသထွက်ပြီး ဘယ်သူ ခေါ်လည်းဆိုပြီး ဟိုဝေ့ကြည့် .. ဒီဝေ့ကြည့်နဲ့ပေါ့။ နောက်မှ သူ့ကို ခေါ်နေတာ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထုကြီးက ဖြစ်နေပါပကော။ သူလည်း ရုပ်ထုကြီးကို ကြောင်တောင်တောင်နဲ့ ငေးကြည့်နေတုန်း ...

" ဟေ့ကောင် ခင်ညွန့် .. ငါအခုလို မတ်တတ်ရပ်နေတာ ကြာတော့ ညောင်းလာပြီ။ မင်းတို့ငါ့ကို လေးစားသေးတယ်ဆိုရင် ငါ့အတွက် မြင်းတစ်ကောင် ရှာပေးပါ " လို့ ပြောသတဲ့။

အဲ့ဒါနဲ့နောက်တော့ ဗိုလ်ခင်ညွန့်လည်း ဗိုလ်ချုပ်ကျောက်ရုပ်က စကားပြောတယ် ဆိုတာကို ချက်ချင်းပဲ တပ်ချုပ်ကြီး ကိုသွားသတင်းပေးတာပေါ့။ တပ်ချုပ်ကြီးက မယုံရှာဘူးတဲ့။ ကျောက်ရုပ်က စကားပြောတာ မဖြစ်နိုင်ဘူး .. ဘာဘူးပေါ့။ အဲ့ဒါနဲ့ ဗိုလ်ခင်ညွန့်ကလည်း သူ့ဆရာကို . .ဆရာမယုံရင် ပန်းခြံထဲလိုက်ကြည့်ပါ .. ကျောက်ရုပ်က စကားပြောနေတာကို တွေ့လိမ့်မယ်ပေါ့။ နောက်ဆုံးတော့ တပ်ချုပ်ကြီးလည်း ဟုတ်လိုဟုတ်ညား .. ဗိုလ်ခင်ညွန့်ခေါ်ရာကို လိုက်သွားတယ်။

အဲ .. တပ်ချုပ်ကြီးလည်း ဗိုလ်ချုပ်ရုပ်ထုရှေ့လည်း ရောက်ကော .. ကျောက်ရုပ်ကြီးက အရင်အတိုင်းပဲ။ စကားလည်း မပြောဘူးတဲ့။ အဲ့ဒါနဲ့ တပ်ချုပ်ကြီးလည်း စိတ်တွေအရမ်းဆိုးပြီး ဗိုလ်ခင်ညွန့်ကို ချက်ချင်း ရာထူးက အနားပေးလိုက်တယ် ။ ( မယုံမရှိနဲ့ ။ ဗိုလ်ခင်ညွန့် ပြုတ်တာ အဲ့ဒါကြောင့် ..)

နောက်နေ့ကြတော့ ရာထူးက လောလောလတ်လတ် ပြုတ်ထားတဲ့ ဗိုလ်ခင်ညွန့် တစ်ယောက် ဒေါ်နဲ့မောနဲ့ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ဆီကို ရောက်လာပါ ရောတဲ့။ ရောက်ရောက်ချင်းပဲ ...

" ဗိုလ်ချုပ်က ကျွန်တော့်ကို ညာတယ်ဗျာ။ စကားပြောတတ်ရဲ့သားနဲ့ ဘာလို့ မနေ့က စကားမပြောပြတာလဲ "

တဲ့။ အဲ့ဒီမှာ ဗိုလ်ချုပ်ပြန်ပြောလိုက်တာက ...

" ခင်ညွန့် .. ငါက မင်းကို မြင်းတစ်ကောင်ပဲ ရှာခိုင်းလိုက်တာ။ မင်းက **နွားကြီး** ခေါ်လာတာကိုးကွ "

လို့ ဆိုပါသတဲ့။

( တင်ပြသူ– **<u>exotic</u>** )

## ဒီလိုမြင်မှ အမှန်ဆုံး

ဒီနေ့ ဘတ်ကားပေါ်ကနေ မြင်ခဲ့ရတာလေးပါ။

အခု လောလောဆယ်ဝတ်ကြဘို့ စက်မှု(၁)ကထုတ်တဲ့ တီရှပ်တွေ ဆေးတံဆိပ် ရိုက်နေတာပါ။ ဆေးရောင်ရိုက်ထားတာက အမှန်ခြစ် ပုံကြီးပါ။

ဒီ အမှန်ခြစ် ပုံကြီးက ၊ တီရှပ်အရှေ့ဘက်မှာလဲ အမှန်ခြစ်ကြီး ၊ တီရှပ် အနောက်ဘက်မှာလဲ ၊ အမှန်ခြစ်ကြီး ဗျ ၊ အကြီးကြီးဘဲ။

ဒီ တီရှပ်တွေကို ဆေးရိုက် ၊ ရေလျှော်ပြီး ၊ အပြင်မှာ တန်းစီ ထုတ်လှမ်းထားတာ တီရှပ်က ရေစိုနေပြီး၊ ရှေ့ပိုင်းနဲ့နောက်ပိုင်း ကပ်နေတာ၊ အမှန်ခြစ်ကြီး (၂) ခုက ကန့်လန့်ဖြတ်ကြီး ၊ **အမှားခြစ်ကြီးပုံ** ဖြစ်နေပါလားဗျ။

တွေ့တဲ့လူတိုင်းက ၊ အဲဒါကို ၊ လက်ညှိုး ထိုးထိုးပြီး ၊ ရီနေလိုက်ကြတာဗျာ။

**အမှန်ခြစ်ကို ၊ မသေချာမှာစိုးလို့ ၊ ဘယ်တခါ၊ ညာတခါ ၊ နှစ်ခါမှန်လိုက်ပါမှ။**

**အမှန်ဆုံး ဖြစ်သွားတော့တာကိုးဗျ။ ဟီး ၊ ဟီး ။**

( တင်ပြသူ– azawgyi )

## သူရဲကောင်းလေးယောက်

တခါတုန်းက ကျနော့်အဖေက သူ့တပည့် ၁ ယောက်ဖြစ်တဲ့ သမိုင်းမေဂျာနဲ့ ကျောင်းပြီးထားသူကို "မင်း .. သမိုင်းမေဂျာနဲ့ ကျောင်းပြီးထားတာဆိုတော့ .... ပုဂံခေတ် သူရဲကောင်း ၄ ဦးက ဘယ်သူတွေဆိုတာပြောစမ်းကွာ ... " ဆိုပြီး မေးတော့ .... တပည့်လုပ်တဲ့သူက "ဟာ ... ဆရာကလည်း လွယ်လွယ်လေး ..." ဆိုပြီး ...

ကျန်စစ်သား ...ရယ်

ငထွေရူး ...ရယ် .

ငလုံးလဖယ် ... ရယ် ...

အနဲငယ်စဉ်းစားပြီး .... နောက်ဆုံး ၁ ယောက်ကိုပြောချလိုက်တာက

**ဇေင်ကာ** ရယ်ပါ ဆရာ ... " အဲလို ပြောချလိုက်ပါလေရောတဲ့ဗျာ ....

ညောင်ဦးဖီးကို သူမသိတော့ ... အပေါ်က လူတွေက နာမည်အစမှာ 'င' တွေနဲ့ စထားတော့ သူလည်း ရမ်းရှီးလိုက်ပုံရပါတယ် .... တော်တော်လေးကို တော်ပါပေတယ် ... ပုဂံခေတ်မှာ ပေါ်တူဂီကြီး သေနတ်တကားကား ... အမြောက်ကြီး တရမ်းရမ်းနဲ့ ....

အဲဒါ မူလတန်းကျောင်းသား မဟုတ်ဘူးနော် ... ဘွဲ့ရထားပြီးသား လူ ၁ ယောက်ဖြစ်ပါ၏။ ...

(တင်ပြသူ– ငဇင်ဏာန်း)

## ငြင်းပယ်ရခြင်းအကြောင်းရင်း

ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းတို့ နာဂစ်မုန်တိုင်းအကြောင်း ပြောနေမိကြပါသည်။

ကျွန်တော်။ ။ သေကြေခဲ့ရတာ သောင်းနဲ့ချီခဲ့တာ တကယ့်ကို စိတ်မကောင်းစရာပဲဗျာ။ ကြိုတင်ကာကွယ်ရေးတွေသာ လုပ်ပေးခဲ့ရင် ဒီလောက်ထိ ဆုံးရှုံးမှာမဟုတ်ဘူးဗျ။

သူငယ်ချင်း ။ ။ နောက်ပိုင်း ကယ်ဆယ်ရေးလုပ်တာ အားနည်းလို့ ထပ်သေမှာက ပိုများလိမ့်မယ်ထင်တယ်။

ကျွန်တော် ။ ။ အခုလည်း အကူအညီပေးမယ့် လူကတောင် ဗီဇာရဖို့ ခယနေရမယ့် အပေါက်ဗျာ။

သူငယ်ချင်း ။ ။ အမေရိကန်ကို သူတို့ ဘယ်လောက်မုန်းမုန်း၊ ဒုက္ခသယ်တွေအတွက် စဉ်းစားပြီး ကယ်ဆယ်ရေးအကူအညီကို လက်ခံဖို့ကောင်းပါတယ်ဗျာ။

ကျွန်တော် ။ ။ အေးဗျာ၊ ပြည်သူတွေဒုက္ခကို မြင်ရဲ့သားနဲ့ ဘာလို့ဒီလောက်တောင် ခါးခါးသီးသီး ငြင်းနေရလဲ နားလည်လို့ကို မရဘူးဗျာ။

ထိုစဉ် အနီးအနားတွင် တီဗွီဂိမ်းကစားနေသော သူငယ်ချင်း သားလေး၏ ဝင်ပြောလိုက်သော စကားကြောင့် ကျွန်တော်တို့နှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားရပါသည်။

**"ဒယ်ဒီတို့ကလည်းဗျာ၊ ရမ်ဘိုပါလာမှာကြောက်လို့ နေမှာပေါ့"** ...တဲ့။

( တင်ပြသူ – mgpo )

## အိမ်တွင်းရေး

အခုလို အချိန်မျိုးမှာ ဒီထဲ ဝင်ရေးရတာ စိတ်သိပ်မသန့် သလိုပဲ။ ဒါပေမယ့်လည်း ရီစရာထက် မောစရာက ပိုများတဲ့ အကြောင်းလေးတစ်ခု ပြောပြချင်လို့ပါ။

မုန်တိုင်းပြီးကာစက အနောက်နိုင်ငံတွေက အကူအညီပေးဖို့ ကမ်းလှမ်းနေတဲ့ အချိန်မှာ၊ တရုတ်နဲ့ ရုရှားက လေသံလေးတောင် မဟတော့၊ ကျနော်က အဲဒီ ကိစ္စကို တဗျစ်တောက်တောက် ပြောနေတာနဲ့၊ ကျနော့်အကိုက .....

"မင်းကလည်းကွာ သူတို့က သူများအိမ်တွင်းရေးကို ဝင်မစွက်ဖက်ချင်လို့ နေမှာပေါ့" တဲ့။

အင်းပေါ့လေ၊ သူတို့တတွေက "သူများအိမ်တွင်းရေး၊ မစွက်ဖက်ရေး" သဘောတူညီချက် ယူထားတဲ့ သူတွေကိုး။

( တင်ပြသူ– မောင်ဘတ် )

## Disaster အစစ်

မြန်မာပြည်မှန်တိုင်းကြောင့် အားလုံးကြေကွဲနေတာ မှန်ပေမယ့် တနေ့က သူငယ်ချင်းနဲ့စကားစပ်မိလို့ ပြောဖြစ်တာလေးပါ။ ရိစရာ မဟုတ်လှပေမယ့် အခုချိန်မှာ သွေးထွက်အောင် မှန်နေတာနဲ့ တင်လိုက်ပါတယ်။

++++++

ကြောင်ကြောင်။ ။ ဒီတခါ မြန်မာပြည်ကိုဝင်တဲ့ မုန်တိုင်းက ငါတို့ သိသလောက် သမိုင်းမှာ အဆိုးဝါးဆုံး Disaster ပဲ.....

သူငယ်ချင်း။ ။ အဆိုးဆုံး??? ဟုတ်လို့လား... မင်းကလဲ... သေချာ ပြန်စဉ်းစားပါဦး....

ကြောင်ကြောင်။ ။ ဟုတ်ပါတယ်ကွ... ငါတို့တသက်မှာ ဒီလောက်ဆိုးတာ ကြုံဖူးလို့လား.... (ကြောင်ကြောင် တစ်ယောက် သူငယ်ချင်းက ပြန်မေးလို့ တကယ်ခေါင်းခြောက်သွားတာပါ )


သူငယ်ချင်း။ ။ မင်းပြောတာမှားတယ်... တကယ့် အဆိုးဆုံး Disaster အစစ်က လွန်ခဲ့တဲ့ နှစ်–၂၀ စစ်အစိုးရတက်ကထဲက ဖြစ်နေတာကွ.....

( တင်ပြသူ– ကြောင်ကြောင် )

## ငပြူးတွေကပြုံရတယ် ရှိသေးဗျာ...

လေဘေးဒုက္ခသည်တွေအတွက် ပထမနေ့က အဝတ်အစားတွေ ကီလို ၂၀၀ ထည့်ပေးလိုက်တာ အဆင်ပြေပါတယ်... ဒုတိယနေ့ ကီလို ၆၀၀ လောက် ထည့်ပေးလိုက်တာကို အကောက်ခွန်က ရစ်တယ်တဲ့လေ... ထုတ်ခွင့်မရှိဘူး... သင်ပေးထားတဲ့အတိုင်း ကျွန်တော်တို့နယ်က အမျိုးတွေအတွက် သူငယ်ချင်းတွေ က လှူဖို့ပေးလိုက်လို့ပါ ဆိုတာလဲ လှူခွင့်မရှိဘူးတဲ့ဗျာ... သူတို့လက် အပ်ရမယ်တဲ့... ဒါနဲ့ သယ်လာတဲ့သူတွေကလဲ မလှူရရင်နေ ခင်ဗျားတို့ လက်ထဲတော့မအပ်နိုင်ဘူးဆိုတော့၊ အခြေအနေက တင်းမာလာသလို အပြင်က ကယ်ဆယ်ရေးအတွက် အဝတ်အထည်လက်ခံမယ်အဖွဲ့တွေကလဲ စောင့်နေကြတော့ နောက်ဆုံး အကောက်ခွန်က ကယ်ဆယ်ရေးအဖွဲ့ဝင်တွေကို ဒီအဝတ်အစားတွေ ဒုက္ခသည်တွေဆီကို သေချာပေါက်ရောက်အောင် တာဝန်ယူပြီး လှူဒါန်းမယ့် အကြောင်း ခံဝန်ချက်ထိုးခိုင်းပြီးမှ ထုတ်ပေးလိုက်တယ်တဲ့....

အမယ်မင်း သူတို့ကပဲ ပြည်သူ့လက်ထဲ သေချာပေါက်ရောက်စေရမယ့်အကြောင်း လက်မှတ်ထိုးခိုင်းရတယ်လို့...

ကျူးပစ်တို့ရေ မပြုံးဘဲ ဝါးလုံးကွဲအောင် ရယ်ခွင့်ပြုပါနော်... 

(တင်ပြသူ– **solidsnake** )

## ဒီမိုကရေစီကိုမကြိုက်လို့

လူနှစ်ယောက်စကားပြောပြီးလမ်းလျှောက်လာသည်.....

ပထမလူ – ဟော့ကောင်မင်းမဲသွားပေးမှာလား ?

ဒုတိယလူ – ပေးမှာပေါ့ကွ၊ ဒါကအသက်ပြည့်ပြီးသား နိုင်ငံသားတိုင်းလုပ်ရတာပဲ.

ပထမလူ – ဒါနဲ့ မင်းဘာမဲပေးမျာလည်း ...

ဒုတိယလူ – ကန့်ကွက်မဲပေးမှာပေါ့ ..

ပထမလူ –ဟော့ကောင်ရ၊မင်းကို စစ်လား စေးလား လုပ်ရင်ဘယ်လိုလုပ်မလည်း ...

ဒုတိယလူ – ငါ့ကို ဘာလို့ကန့်ကွက်တာလည်းလို့ လာမေးရင် " သားက ဒီမိုကရေစီကိုမကြိုက်ဘူး ... အခုလက်ရှိအာဏာရှင်အုပ်ချုပ်ရေးပဲ ကြိုက်တယ်လို့ .." ပြောလိုက်မှာပေါ့။

( တင်ပြသူ– gdchaos )

## ကြိုတင်မဲ

လူနှစ်ယောက် သတင်းစာဖတ်ယင်း ပြောနေကြခြင်း ဖြစ်ပါသည်။

ပထမလူ။ ။ ဗိုလ်ချုပ်သိန်းစိန်က ကယ်ဆယ်ရေးလုပ်ငန်းတွေ ကွပ်ကဲဖို့ အလုပ်များနေတာတောင် ကြိုတင်မဲမပေးပဲ နေပြည်တော်ပြန်ပြီး မဲပေးတယ်နော်။

ဒုတိယလူ။ ။ အော်၊ ကြိုတင်မဲပေးရင် သူ့ကိုလည်း ဇွတ် အမှန်ခြစ်ခိုင်းမှာ ကြောက်လို့နေမှာပေါ့။

( တင်ပြသူ– mgpo )

# အလှူရှင်နာမည်

လူနှစ်ယောက် အင်တာနက်ပေါ်တွင် chatting လုပ်နေကြသော စကားများ ဖြစ်ပါသည်။

ပထမလူ။ ။ ဗိုလ်ချုပ်မြင့်ဆွေ ကမ္ဘာကျော်အောင် အရှက်ကွဲသွားရတဲ့ သတင်း ဖတ်ပြီးပြီလား။ ယိုးဒယားကနေ လှူလိုက်တဲ့ ပစ္စည်းတွေကို သူကပဲ လှူဒါန်း သလိုလို သူ့နာမယ်တပ်ပြီး ဝေခိုင်းတဲ့ အကြောင်းလေ။

ဒုတိယလူ။ ။ ဒီလောက်လေးများ ခင်ဗျားပုဂ္ဂိုလ်က ဖြုံတောင်ဖြုံမယ် မထင်ပါဘူး ဗျာ။ သူတို့မှာ ရှက်ကြောပြတ်နေတာ ကြာလှပြီပဲ။

ပထမလူ။ ။ ဖြုံရမယ်ကိုယ့်လူ၊ အဲဒီသတင်းကြားပြီး ဗိုလ်ချုပ်မှူးကြီးက စိတ်ဆိုးတော်မူနေသတဲ့လေ။

ဒုတိယလူ။ ။ ဘာလို့လဲ၊ အဲဒီလို ညာတာကို မကြိုက်လို့လား။

ပထမလူ။ ။ မဟုတ်ဘူး။ အလှူရှင်နာမည်မှာ သူနဲ့ကြိုင်ကြိုင့် နာမည်ကို မတပ်လို့တဲ့။ 

( တင်ပြသူ– mgpo )

## မသိရင်မမေးရ

လူတစ်ယောက်ကြံခိုင်ရေး(ကြံဖွတ်)ရုံးထဲကိုဝင်လာတယ် ...

စာရေးမလေး ၁ ယောက်ကိုတွေ့တာနဲ့မေးလိုက်တယ် ...

ကောင်းလေး။ ။ " အစ်မ ကျွန်တော်တို့ငယ်ငယ်တုန်းကလေ ကျောင်းတွေမှာ ကျောင်းသားတွေကို ကြံခိုင်ရေးအသင်းဝင်ခိုင်းတယ်လေ .."

စာရေးမ။ ။ " ဟုတ်တယ်လေ ... ဘာဖြစ်လို့လည်း .. "

ကောင်းလေး။ ။ " ကျွန်တော့်စာရင်းရှိသေးလားလို့ လာမေးတာပါ "

စာရေးမ။ ။ " ခဏ ...... ရှိသေးတယ်မောင်လေး စိတ်မပူနဲ့ ... ဒါနဲ့ ဘာလို့အခုမှလာမေးရတာလည်း"

ကောင်လေး။ ။ "ဘာရယ်မဟုတ်ပါဘူး၊ အခုမဲဆန္ဒခံယူပွဲမှာ ကျွန်တော် ဘာမဲပေးလည်း သိချင်လို့ပါ"

( တင်ပြသူ– **gdchaos** )

## ရေလာလို့

ကျောက်မြောင်းသား။====။ ဟေ့ကောင်ရ၊ မင်းတို့ဆီမှာ မီးလာနေပြီဆို။ ( အံ့သြဟန်ဖြင့် )

ကျောက်တံတားသား။====။ ဟုတ်တယ်ကွ။

ကျောက်မြောင်းသား။====။ မင်းတို့က ကံကောင်းတယ်ကွာ။ရေလဲလာ မီးလဲလာ၊ ငါတို့မှာသာ ...

ကျောက်တံတားသား။====။ မင်းတို့ကလည်း လွယ်လွယ်လေးဟာကို။ ရေလာလို့ မီးလာတာကွ။

( တင်ပြသူ– **botchan** )

## အကိုဘာပါလဲ

လေဆိပ်က ဝန်ထမ်းကောင်းတွေ အကြောင်းဖတ်ရတော့ စုချစ်သူငယ်ချင်း ဖြစ်ပုံကို ပြန်သတိရပြီး ပြုံးမိတယ်။ ဟိုးတုန်းက Q2 pass ဆို မိန်းမတွေ၊ ဘာတွေ လိုက်နေလို့ရတာမဟုတ်... ပွဲစားနဲ့လာတဲ့သူဆိုရင်လည်း..... ...ပိုက်ဆံတွေစုပြီးမှ... မြန်မာပြည်ပြန်ကြရတော့ အနည်းဆုံး ၂နှစ်လောက်နေပြီးမှ ပြန်လေ့ရှိကြတယ်။ အဲဒီတော့...သူမြန်မာပြည်ကို...ပထမဆုံးအခေါက်ပြန်တော့ မတွေ့တာကြာပြီဖြစ်တဲ့ မိသားစုနဲ့.... မိန်းမအတွက်၊ သူ့သားအတွက် ၊ သူငယ်ချင်းတွေအတွက် ဆိုပြီး ချောကလက်တွေ၊ လက်ဆောင်တွေ အများကြီး ပါသွားတာပေါ့နော်။ ဒါပေမဲ့ အကောက်ခွန်ငြိတာ ဘာမှ မပါဘူးလေ။ ထုံးစံအတိုင်း ....အကောက်ခွန်လဲ ရောက်ရော....မေးတော့တာပဲ။

အကို ဘာပါလဲတဲ့။

ဒီတော့ သူက.... ဟာ.. ပါတာတော့ မမေးနဲ့ဗျာ.. အများကြီးပဲ။ ချောကလက်တွေ၊ပါတိတ်ထမီတွေ... ပြီးတော့... စီးကရက်တတောင့်... အရက်တပုလင်း...။

ဆိုလဲဆိုရော...အဲဒီကပုဂ္ဂိုလ်တွေရဲ့..မျက်လုံးတွေဆို....အရောင်တွေတောက်ကုန်တာပေါ့ နော်...။

သူတို့ကို ပေးမယ်မှတ်လို့....။

အဲဒီ သူငယ်ချင်းက...တကယ်က ဂျစ်ကန်ကန်ရယ်။ မဟုတ်တာ လာလုပ်လို့ကတော့..သိပ်ပြီးကြောက်တတ်..အားနာတတ်တာလဲဟုတ်ဘူး။
သူက.. ဘာဆက်ပြီးပြောလဲဆိုတော့....

ဒါပေမဲ့..ချောကလက်က..ကျုပ်သားအတွက်...ပါတိတ်က.. ကျုပ်အမေနဲ့မိန်းမအတွက်... စီးကရက်က ကျုပ်သူငယ်ချင်းတွေအတွက်... အရက်က ကျုပ်ဆရာသမားအတွက်.. ခင်များတို့ဖို့တော့ မဟုတ်ဘူးလို့..

လေယာဉ်တကွင်းလုံးကြားရအောင် အာပြဲသံကြီးနဲ့ပြောပြီး..... လှည်းကိုတွန်းပြီးထွက်လာလိုက်တာ.. အိတ်ဒီလူတွေ..... ပါးစပ်အဟောင်းသား..... ဘာမှ.. မပြောနိုင်တော့ပဲ ကျန်ခဲ့ကြသတဲ့လေ...။

(တင်ပြသူ – **suuchit** )

( ကြေးမုံသတင်းစာပါ ကြေညာချက်မှ )

**"သဘာဝ ဘေးအန္တရာယ်ကျရောက်သော ဒေသများရှိ ပြည်သူများအတွက်**
**ကျန်မာရေး သတိပေးနှိုးဆော်ချက်"**

(၁) ရာသီဥတုဒဏ်ခံနိုင်တဲ့ အမိုးအကာအောက်မှာ နေကြရန်၊

(၂) နွေးထွေးသော အဝတ်အစားများကို ဝတ်ဆင်ပါ။

(၃) ရေကို ကျိုသောက်ပါ။ သို့မဟုတ် ကလိုရင်း ခတ်သောက်ပါ။

(၄) သန့်ရှင်းလတ်ဆတ်သော ပူနွေးတဲ့ အစားအစာများကိုသာ စားသုံးကြပါ။

(၅) ယင်လုံအိမ်သာကို သုံးစွဲကြပါ။

(အယ်ဒီတာ့ထံ ပြန်စာတစောင်မှ )

လူကြီးမင်းတို့၏ နှိုးဆော်ချက်အရ ကျွန်တော်တို့လေဘေးဒုက္ခသည်များဟာ ကျန်းမာရေးအသိ အပြည့်ရှိနေကြပြီဖြစ်ပါသည်။ ထိုသို့လိုက်နာနိုင်ရန် မည်သူက မည်သို့ကူညီကြမည်ကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြပေးစေလိုပါတယ်ခင်ဗျား။

(တင်ပြသူ– mgpo )

## မြန်မာ့နည်းမြန်မာ့ဟန်

"မြန်မာ့နည်းမြန်မာ့ဟန်"ဖြင့် မအောင်မြင်သော ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ခဲ့သည့် ဦးနေဝင်း၏တပည့် ... "မြန်မာ့နည်းမြန်မာ့ဟန်" ဒီမိုကရေစီစနစ်အတုကို ဖွတ်ချီတက်နေသော ဦးသန်းရွှေ သည် ...

ယခု နာဂစ်မုန်တိုင်းကိစ္စတွင်လည်း "မြန်မာ့နည်းမြန်မာ့ဟန်"ဖြင့် ကယ်ဆယ်ရေး လုပ်ကြရန် ညွှန်ကြားထားပေရာ ...

လက်တွေ့အကောင်အထည်ဖော်ပေးကြသော သူ့ငယ်ကျွန်ကြီးများကလည်း တခြားကမ္ဘာ့နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းများနှင့် ကွဲပြားစွာ ...

–နိုင်ငံခြားအကူအညီများ၊ ကျွမ်းကျင်သူများ ဝင်ရခက်အောင် လုပ်ထားခြင်း၊
–သူများလှူထားသော ပစ္စည်းများကို မိမိတို့နာမည်အား အလှူရှင်နာမည် တပ်ပြီးမှ ဝေခိုင်းခြင်း၊
–သူတပါးလှူထားသော ပစ္စည်းများကို ရောင်းစားခြင်း၊

–အလောင်းများကို မြေမြှုပ်ရမည့်အစား ရေထဲပြန်မျှောပြီး ဖြေရှင်းခြင်း အစရှိသော မတော်တရော် လုပ်နည်းများဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရပေရာ ...

ကျွန်ုပ်တို့ပြည်သူများအနေနှင့်လည်း Burmese classic မှ ပုဂ္ဂိုလ်ကြီး၏ နည်းလမ်းကို ငှားသုံးပြီး၊ "မြန်မာ့နည်းမြန်မာ့ဟန်"ဖြင့် ဆုံးမခိုင်းချင်စိတ်များသာ တဖွားဖွား ပေါ်ပေါက်နေရပါတော့သည်။

(တင်ပြသူ– mgpo )

## ဦးမော့လာပြီ

အထက်ပါသတင်း ဂျိုကုတ်ရှုးကြီးသန်းရွှေထံ ပေါက်ကြားသွားသောအခါ သူ့ငယ်ကျွန်များကို ဤသို့ပြောင်လိမ်တော့သည်။

'အခုဟာ စပ်ကူးမပ်ကူးကာလမို့ပါကွာ။ မူကကောင်းပါတယ်၊ လူတွေက မကောင်းလို့ပါ၊ အခြေအနေတွေက ဦးမော့လာပါပြီ' (ဦးမော့မှာပေါ့ နောက်ကပဲ့က စုံးစုံးမြုပ်နေပြီကိုး )

( တင်ပြသူ– coolcupid )

## ရှူးတာချင်းတူပေမယ့်

**မေး** ။ ။ ဦးစောမောင် ပေါက်ကရတွေလျှောက်ပြောတုန်းကတော့ ရှူးသွားလို့ဆိုပြီး ရာထူးကပြုတ်သွားတယ်နော်။ အခု ဦးသန်းရွှေ ဘုရင်ရှူးရှူးပြီး ပေါက်ကရတွေ လျှောက်လုပ်တော့ ရာထူးကမပြုတ်ဘူး။ အဲဒါ ဘာ့ကြောင့်လဲ။

**ဖြေ** ။ ။ သူက စစ်တန်းလျားပြန်မယ်လို့ ကတိမပေးခဲ့ဘူးလေ။

( တင်ပြသူ– mgpo )

## ကလေးခြောက်နည်း

ငယ်ငယ်တုန်းက အစားအသောက် ဖြုန်းတီးတဲ့ကလေးတွေ၊ ဆိုးတဲ့ ကလေးတွေကို မိဘ အုပ်ထိန်းသူတွေက ဒီလို ခြောက်တယ်၊ နင်တို့ဒီလောက် မဆိုးနဲ့၊ မဖြုန်းတီးနဲ့၊ နင်းတို့ကို မီရာဖရာ၊ အီသီယိုးပီး ယား ပို့ပြစ်လိုက်မယ်ဆိုပြီး။

အခု တခြား နိုင်ငံက မိဘတွေ သူတို့ ကလေးတွေကို ခြောက်ခြင်ရင် ...

**နင်တို့ကို မြန်မာပြည်ပို့လိုက်မယ်၊ ဘာမှတ်လည်း၊** 

( တင်ပြသူ– Zulu )

## သောကကင်းဝေးနေနိုင်ရေး

**လူနာ** ။ ။ ဆရာ၊ ကျွန်တော် စိတ်သောကတွေဖိစီးနေလို့ ပျောက်အောင် ဘယ်လိုလုပ်ရမလဲဆရာ။

**ဆရာဝန်** ။ ။ ခင်ဗျား ရေဒီယိုတွေ မှန်မှန်နားထောင်သလား။ သတင်းစာတွေ မှန်မှန်ဖတ်လား။

**လူနာ** ။ ။ ဟုတ်ကဲ့၊ ဖတ်ပါတယ်ဆရာ။

**ဆရာဝန်** ။ ။ ဟုတ်ပြီ ဒါဆိုရင် အဲဒါတွေအားလုံးကို ဖြတ်လိုက်တော့။ အစိုးရတီဗွီနဲ့ သတင်းစာတွေကို မကြည့်တော့ရင် သတင်းလိမ်တွေ မြင်လို့ ကြားလို့ ထွက်မယ့် ဒေါသတွေလည်း မထွက်တော့ဘူး။ ဘီဘီစီတို့ ဒီဗွီဘီတို့ကိုပါ နားမထောင်တော့ မကြည့်တော့ရင် ပိုကောင်းတယ်။ တကယ်ဖြစ်နေတာတွေကိုပါ မမြင်ရ၊ မကြားရတော့ စိတ်မဆင်းရဲရဘူးပေါ့။

## သတင်းစာဖတ်ခြင်းအကျိုး

# တရုတ်ငလျင် သေဆုံးသူ ၁၀၀၀၀ နီးပါးရှိ

**ချန်ဒူး(တရုတ်) မေ ၁၃**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခဲ့ရာ သေဆုံးသူ ၁၀၀၀၀ နီးပါးရှိသွားပြီ ဖြစ်သည်။ ကျောင်းများ၊ စက်ရုံအလုပ်ရုံများနှင့် အိမ်များအောက်တွင် လူရာပေါင်းများစွာ ပိတ်မိနေကြပြီး ကယ်ဆယ်ရေးအဖွဲ့များသည် အင်္ဂါနေ့အထိ အဆက်အသွယ်မရသေးဘဲရှိသည်။

စီချွမ်ပြည်နယ်ကိုဗဟိုပြု၍ အင်အား ရစ်ချ်စတာစကေး ၇ ဒသမ ၈ အဆင့်ရှိ ငလျင်သည် ကျောင်းဖွင့်ရက် တနင်္လာနေ့ နေ့လယ်တွင်လှုပ်သည့်အတွက် ကျောင်းရှစ်ကျောင်း၊ ဓာတုဗေဒစက်ရုံများနှင့် ဆေးရုံတစ်ရုံ ပြိုကျသွားသည်။ ရာနှင့်ချီသောလူများသည် ယင်းအပျက်အစီးများ၏ အောက်တွင်ရှိနေကြောင်း နိုင်ငံပိုင်သတင်းဌာနများက ဖော်ပြသည်။

တရုတ်နိုင်ငံတွင်ဆယ်စုနှစ်သုံးစုအတွင်း အဆိုးရွားဆုံးငလျင်ဖြစ်ပြီး သေဆုံးသူအရေအတွက် ပိုမိုလာဖွယ်ရှိသည်။ စီချွမ်ပြည်နယ် ချန်ဒူးမြို့မှ ကီလိုမီတာ ၁၀၀ ခန့် (၆၂)မိုင်ဝေးသော ငလျင်လှုပ်ရာ ဝင်းချွမ်းသို့ စစ်သားများသည် ခြေကျင်လာခဲ့ရသည်။ ဝင်းချွမ်းတွင် ငလျင်ဗဟိုချက်နှင့် အနီးဆုံးမြို့နယ်သုံးခုမှ မည်သည့်သတင်းမှ မရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

***အမ်အင်အေဆေ့ဒ်ပွား***

ဧရာဝတီတိုင်းမှ ဒုက္ခသည်တဦးသည် ၁၄.၅.၀၈ နေ့ထုတ် ကြေးမုံသတင်းစာကို ဖတ်ကြည့်မိ၍ အထက်ပါတရုတ်မြေငလျင်သတင်းကို တွေ့လိုက်ရသည်တွင် စဥ်းစားမိသည်မှာ ...

အော် ... တရုတ်တွေ ငါတို့ထက် ကံဆိုးပါလား၊ သူတို့တပ်တွေ စီးစရာ ရဟတ်ယာဥ်တောင် မရှိလို့ မိုင် ၆၀ တောင် ခြေလျင်လျှောက်ပြီးမှ ကယ်တဲ့သူတွေဆီရောက်တယ်။ ငါတို့ဆီမှာတော့ ရဟတ်ယာဥ် (၇)စီးကြီးနဲ့တောင် လိုက်ကယ်နိုင်သတဲ့။

ထိုသို့တွေးလိုက်မိမှ အနည်းငယ်စိတ်သက်သာရသွားပြီး ကယ်ဆယ်ရေးဆန် အောက်သိုးသိုးနှင့် ချက်ထားသောထမင်းကို မြိန်ယှက်စွာ သုံးဆောင်လေတော့သတည်း။

( တင်ပြသူ – mgpo )

## ဝင့်လည်မယ်

နာဂစ် ဖြစ်ပြီး မြန်မာပြည်မှာ ရေပန်းစားနေတာလေးပါ။

လမ်းတွင် မိန်းမကြီး ၂ ယောက်တွေ့ကြရာ .....

ပထမမိန်းမကြီး ။ ။ နာဂစ်တိုက်လို့ သေကြကြေကြတာကို လူတိုင်း ဝမ်းနည်းနေကြတယ်နော်။

ဒုတိယမိန်းမကြီး။ ။အောင်မလေး ပျော်နေတဲ့ သူတွေရှိသေးတယ်။ အပျော်ဆုံး တောင်ရှိသေး။

ပထမမိန်းမကြီး ။ ။ အယ် လူလူချင်း မစာနာတဲ့လူတွေ။ ဘယ်သူတွေလဲ ပြောစမ်းပါအေ့။ ညည်းပြောတဲ့ အပျော်ဆုံးကကော ဘယ်သူတုန်း။

ဒုတိယမိန်းမကြီး။ ။ သွပ်နဲ့သွပ်သံ ရောင်းတဲ့သူတွေနဲ့ ဝိသမစီးပွားရေးသမားတွေပေါ့။ အပျော်ဆုံးကတော့ ဒို့တိုင်းပြည်က သန်းရွှေကြီးရဲ့ သမီး သန္တာရွှေလေ။

ပထမမိန်းမကြီး ။ ။ဟိုတလောက မင်္ဂလာဆောင်တဲ့ တစ်ယောက်မလား။ ကျုပ်တောင်ကြည့်လိုက်ရသေး။ သူ့အစား ဇက်တောင်လေးတယ်။ သူက ဘာလို့ ဝမ်းသာတာလဲ။

ဒုတိယမိန်းမကြီး။ ။သူကပြောတယ်တဲ့ သူ့ဘာသာ ရှိလို့ စိန်တွေ ဝတ်တာကို မြန်မာပြည်က လူတွေက မနာလို ဖြစ်တယ်တဲ့လေ စိတ်ကောင်း မထားဘူးတဲ့လေ။ အခုတော့ သေကြ ကြေကြပြီ ငတ်ကြပြီတဲ့လေ ကောင်းတယ်တဲ့။ သူ့ကိုပြောတဲ့ လူတွေ ဝင့်လည်တာတဲ့လေ။

ပထမမိန်းမကြီး ။ ။အောင်မလေး ပြောရက်လိုက်တာ။ သူ့အလှည့်ကြမှ ဒီထက် ဝဠ်လည်မှာ မြင်ယောင်သေး ။

ဒုတိယမိန်းမကြီး။ ။ဘယ်လိုလည်မှာတုန်း ။ပြောစမ်းပါဦး။

ပထမမိန်းမကြီး ။ ။သူ့တို့လောက် မကောင်းတာ လုပ်မယ့်သူရှိဦးမလား ။သူတို့ အလှည့်ကြရင် ငရဲပြည်မှာ ငရဲသား တစ်ဖက် ၁၀၀၀ စီနဲ့ ရှုးရှုးပေါက်ချိန်တောင် ရမှာ မဟုတ်ဘူး။

ဟုပြောပြီး သုတ်သုတ်နဲ့ တောကြည့်တောင်ကြည့် ထွက်သွားကြလေသတဲ့။

မသင့်တော်တာများရှိရင် တည်းဖြတ်ပေးကြပါ။ ဒါနဲ့ ကျွန်တော်ပြောတယ် မပြော နဲ့နော်။ ကျွန်တော်က သူများပြောတာ ကြားလို့ ပြန်ပြောပြတာနော်

( တင်ပြသူ– **SawKyiPhyu** )

## နောက်သွားတာခွင့်လွှတ်ပါ

လူနှစ်ယောက် ည ( ၈ ) နာရီသတင်းကို ကြည့်နေကြသည်။

ပထမလူ ။ ။ မုန်တိုင်းပြီးတာ နှစ်ပတ်ကျော်မှ ဦးသန်းရွှေက ဒုက္ခသည်တွေကို ထွက်တွေ့တာ ဘာသဘောလဲကွာ။

ဒုတိယလူ ။ ။ ငါကြားတာတော့ လူတွေကြားထဲသွားဖို့ သင့်လျော်ပါပြီဆိုတဲ့ စိတ်ရောဂါဆရာဝန်ရဲ့ ခွင့်ပြုချက်က ဒီနေ့မှရလို့တဲ့။

( တင်ပြသူ– mgpo )

## ကမ္ဘာ့စံချိန်

အကြံပေး ။ ။ ဗိုလ်ချုပ်မှူးကြီးခင်ဗျာ။ အခုဆိုရင် ၁၀ ရက်နေ့ မဲပေးပွဲမှာ ၉၂.၄%တောင် ထောက်ခံမဲရတယ်လို့ ကြေငြာပြီးပါပြီ။ ကျန်တဲ့မြို့နယ်တွေရဲ့ ရလဒ်ဟာ အရေးမပါတော့ပါဘူး။ ဒါကြောင့် အဲဒီအတွက် အာရုံမစိုက်တော့ပဲ ကယ်ဆယ်ရေးလုပ်ငန်းကိုပဲ အလေးပေးသင့်ပါပြီ ခင်ဗျာ။

သန်းရွှေ ။ ။ ဘာမှလာပြောမနေနဲ့။ ငါက မဲပေးပွဲမှာ ကမ္ဘာ့စံချိန် ချိုးချင်တာကွ။

အကြံပေး ။ ။ ဟုတ်ကဲ့ ဒါ့အတွက်တော့ စိတ်ပူစရာ မရှိပါဘူး၊ ကမ္ဘာ့ အညစ်ပတ်ဆုံး ဆန္ဒခံယူပွဲဆိုတာ လူတိုင်းသိနေကြပါပြီ။

( စိတ်ထဲက ပြန်ပြောတာနော်။ တကယ်ပြန်ပြောရဲတယ် မထင်ကြနဲ့အုံး။ )

( တင်ပြသူ – mgpo )

## သေပြီးတာတောင် ထောက်ခံမယ်

ဧရာဝတီတိုင်း ရွာလေးတရွာမှ အသက်ရှင်ကျန်နေသော လူတစုသည် ကယ်ဆယ်ရေးအဖွဲ့များကို မျှော်နေကြစဉ် စက်လှေလေးတစင်း ဝင်လာသည်ကို တွေ့သောကြောင့် ဝမ်းသာသွားကြလေသည်။ သို့သော် ကံဆိုးစွာပင် ထိုအဖွဲ့သည် ရိက္ခာဝေသောအဖွဲ့မဟုတ်ပဲ စာရင်းလာကောက်သောအဖွဲ့ ဖြစ်နေလေသည်။

အဖွဲ့ခေါင်းဆောင် ။ ။ ကဲ ခင်ဗျားတို့ရွာမှာ သေတဲ့သူ ဘယ်နှစ်ယောက်ရှိလဲ စာရင်းလာပေးကြ။

ရွာသားများက စာရင်းပေးသောအခါ နောက်လိုက်နှစ်ယောက်က စာအုပ်နှစ်အုပ် ထဲတွင် တပြိုင်တည်း လိုက်ရေးမှတ်နေကြသဖြင့် ရွာသားတယောက်က စာအုပ် အဖုံးများကို ခိုးကြည့်မိသောအခါ ....

တခုက... သေဆုံးသူစာရင်း

နောက်တခုက ... ကြိုတင်မဲပေးသူစာရင်း

ဆိုပြီးရေးထားတာကို အံ့ဖွယ်သုတ တွေ့လိုက်ရပါသတဲ့ဗျာ။

( တင်ပြသူ – mgpo )

## အားလုံးဟာ ဒုက္ခသည်

နာဂစ်မုန်တိုင်း အကူညီပေးရေး ကုသိုလ်ဖြစ်အဖွဲ့ကလေးတစ်ခုမှ အဖွဲ့ဝင်တစ်ဦးသည် မုန်တိုင်းဒဏ်ခံခဲ့ရသော မြို့တစ်မြို့သို့ရောက်ရှိသွားသည်။ ဘုန်းတော်ကြီးကျောင်းတစ်ခုမှ ဒုက္ခသည်များအား လက်ခံစောင့်ရှောက်ထားသည်ဟု ကြားသိလိုက်ရ၍ အဆိုပါနေရာသို့ အကူညီပေးရန် ရောက်ရှိသွားလေသည်။

လူငယ်။---------။ ဘုန်းဘုန်းဘုရား၊ ဘုန်းဘုန်းရဲ့ကျောင်းမှာ ဒုက္ခသည် ဘယ်လောက် ရှိနေပါသလဲဘုရား။

ဘုန်းတော်ကြီး။----။ ဒကာလေးရယ်။ တကယ်တော့ ဘုန်းဘုန်းတို့ ဒကာလေးတို့ အပါအဝင် မြန်မာပြည်သူပြည်သား အားလုံးဟာ ဒုက္ခသည် တွေပါပဲ။

( တင်ပြသူ- **botchan** )

## “ဘတ်ကီး” မွန်းမှာစိုး

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဗမာပြည်သွားမည့် သတင်းကို ဖတ်ပြီးနောက် သူငယ်ချင်းတယောက်ထံ ဖုန်းဆက်ဖြစ်ပါသည်။

ကျွန်တော် ။ ။ ကြားပြီးပြီလားဟေ့။ ဘန်ကီမွန်းကိုယ်တိုင် ဗမာပြည် သွားတော့မယ်တဲ့ကွ။

ထိုအခါ သူငယ်ချင်းက ပြန်ပြောလိုက်သော စကားကြောင့် ကျွန်တော် ပက်လက်လန်သွားရပါသည်။

သူပြန်ပြောသည်မှာ ....

**“ သိပ်ပြီးလည်း ဝမ်းသာမနေနဲ့အုံး ကိုယ့်လူ။ စစ်ဗိုလ်ချုပ်တွေက ဒီတခါလည်း ဘယ်လို ဘတ်ကီးရိုက်ရမယ်ဆိုတာ ကြိုပြီး စီစဉ်ပြီးသား။ ငါတော့ ဘန်ကီမွန်း တယောက် “ဘတ်ကီး” မွန်းပြီး ပြန်သွားရမှာပဲ မြင်ယောင်နေတယ်ဟေ့ ”**

( တင်ပြသူ – mgpo )

## ထူးဆန်းနေလို့

ကျွန်တော့်သူငယ်ချင်းတယောက် ကွန်ပြူတာရှေ့မှာ အလုပ်ရှုပ်နေပါသည်။

ကျွန်တော် ။ ။ ဘာတွေရှာနေတာလဲကွ။

သူ ။ ။ သတင်းတပုဒ် မတွေ့မိသေးလို့ ရှာနေတာပါကွာ။

ကျွန်တော် ။ ။ ဘာအကြောင်းများလဲကွာ။

သူ ။ ။ အမေရိကန်သဘော်တွေ ဗမာ့ရေပိုင်နက်အနား ရောက်နေတာနဲ့ ပတ်သက်လို့ကွာ။

ကျွန်တော် ။ ။ ဒါများ အထူးအဆန်းလုပ်လို့၊ ဝက်ဆိုက်တကာမှာ ပါနေတာကို။

သူ ။ ။ ဒီကိစ္စကို ပြည်ပကဗမာတွေ ထောက်ခံဆန္ဒပြတာတော့ ဖတ်ရတာပေါ့။ ဒါပေမယ့် ဒီတခါတော့ အေးလွင်တို့အဖွဲ့ အမေရိကန်သံရုံးရှေ့မှာ သွားပြီး ကန့်ကွက်ဆန္ဒပြတဲ့သတင်း မတွေ့မိသေးဘူးဟေ့။ အဲဒါ ထူးဆန်းနေလားလို့ပါ။

( တင်ပြသူ– mgpo )

## မှောင်ခိုပစ္စည်း

ဦးလေးကြီးတယောက်က ကျွန်တော့်ကိုမေးပါသည်။

သူ ။ ။ ငါ့တူ မှောင်ခိုပစ္စည်းဆိုတာ ဘာလဲသိလား။

ကျွန်တော် ။ ။ လွတ်လွတ်လပ်လပ် တင်သွင်း သယ်ယူခွင့်မရှိတဲ့ ပစ္စည်းတွေကိုခေါ်တာဗျာ။ စစ်ဆေးရေးဂိတ်တွေမှာ မိရင် ခွင့်ပြုချက် ရှိ မရှိ မေးမယ်။ မရှိရင် သိမ်းမယ်။ သိမ်းတာမခံချင်ရင် သက်ဆိုင်ရာကို လာဘ်ထိုးဗျာ။ အဲသလိုမှ မဟုတ်ရင် ဖြစ်တဲ့လမ်းကြောင်းကနေ ခိုးပြီးသယ်ဗျာ။

သူ ။ ။ ဟုတ်တယ်။

ကျွန်တော် ။ ။ နောက်တမျိုးက ပြည်သူပိုင်ပစ္စည်းတွေကို မသမာတဲ့နည်းနဲ့ ခိုးထုတ်ပြီးရောင်းစားတယ်ဗျာ။ အဲဒါတွေလည်း မှောင်ခိုပစ္စည်းပဲပေါ့။

သူ ။ ။ မှန်တယ်၊ ဒါဆို နောက်ဆုံးပေါ် မှောင်ခိုပစ္စည်းဟာ ဘာလဲသိလား။

ကျွန်တော် ။ ။ မသိဘူး ဦးလေး။

သူ ။ ။ မသိရင်မှတ်ထား၊ နာဂစ်ကယ်ဆယ်ရေးပစ္စည်းတွေပေါ့ကွ။

" ဗျာ "...

( တင်ပြသူ– mgpo )

## တတ်လို့လုပ်နေတာမဟုတ် ...

မနေ့က CNA မှာ ဗိုလ်ဥာဏ်ဝင်းကို သတင်းထောက်တွေဝိုင်းဖျူးတာပြသွားတယ်။ သတင်းထောက်တွေက နာဂစ်နဲ့ပတ်သတ်ပြီး နိုင်ငံခြားမီဒီယာတွေ( BBC ၊ VOA တို့ကိုရည်ရွယ်တယ်ထင်ပါရဲ့)ရဲ့ သတင်းထုတ်လွှင့်မှုအပေါ် ဘယ်လိုသဘောထား သလဲ မေးတော့ ...

သူပြောချင်တာက ဒီသတင်းဌာနတွေကသတင်းကို ချဲ့ကားပြီးတင်ပြတတ်တယ်လို့ ပြောချင်တာထင်ပါတယ်။ ဒါဆိုလဲ These media are always exaggerating the situation about Myanmar လို့ပြောရင်ရနေတာကို ...

ရုပ်တည်ကြီးနဲ့ပြောချလိုက်တာက I say one, they say two တဲ့။

( တင်ပြသူ- **arch-angel** )

## အစိုးရနှုန်း

**( နအဖအောက်ဆွဲ "အခြောက်မြေ" ဘလော့ခ်မှ သတင်းတပုဒ်မှ )**

၁။ စင်္ကာပူနိုင်ငံတွင် ပြုလုပ်သည့် အာဆီယံဝန်ကြီးများ အစည်းအဝေးတွင် ဦးညဏ်ဝင်းက ပျက်စီး ဆုံးရှုံးမှု တန်ဘိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိရှိနိုင်ကြောင်း၊ အစိုးရအနေဖြင့် ယနေ့အထိ ကယ်ဆယ်ရေး အတွက် ကျပ် ၅၀ ဘီလီယံ သုံးစွဲခဲ့ပြီး ဆက်လက်သုံးစွဲလျှက်ရှိ ကြောင်း ပြောဆိုသွားသည်။

**( စာဖတ်သူတဦး၏ မှတ်ချက် )**

ဩော် ... ငါတို့အစိုးရနှယ်၊ ကယ်ဆယ်ရေးလုပ်တဲ့နေရာမှာတောင် ဒေါ်လာကို အစိုးရနှုန်းနဲ့ တွက်ပြီးလဲနေတုန်းပဲကိုး။

( တင်ပြသူ – mgpo )

## နိုင်ငံတော် အကြီးအကဲရဲ့ စေတနာနဲ့ ဉာဏ်အမြော်အမြင်ဆိုတာ

"ငလျင် ဒဏ်ခံပြည်သူများအတွက် တမိနစ်တောင်
အလဟသ ဖြစ်ခံလို့မရဘူး တစ်မိနစ် တစက္ကန့်ဟာ
ကလေးတစ်ယောက်ရဲ့အသက် နဲ့ ညီမျှ အရေးကြီးတယ်"
(တရုပ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်)
"ကျုပ်အခုလာတာဘာမှမပါသေးဘူး ခင်ဗျားတို့
ဘာလိုအပ်လည်းလို့ လာကြည့်တာ ထမင်းစားစရာ
ပန်ကန်ပြား ၊မတ်ခွက်ကစလိုတယ် ကျုပ်အခုသိသွားပြီ
ပြန်လိုက်အုံးမယ်" (မြန်မာဝန်ကြီးချုပ် သိန်းစိန်)

credit to maynyane blog.

( တင်ပြသူ – **solidsnake** )

## ဘဘလီတို့ရဲ့ပြိုင်ပွဲ

မလေးရှားက အန်ကယ်အမ် နဲ့ စင်ကာပူက ဘဘကြီးလီ တို့ဟာ..သူတို့ လာဘ်စားလား၊ မစားလား ဆိုတာ ပြည်သူတွေရှေ့မှာ သက်သေပြကြဖို့ တနေ့တော့ ဆုံးဖြတ်လိုက်ကြပါသတဲ့။ ဘယ်လို သက်သေပြကြ မလဲဆိုရင်... သူတို့ဟာ....သူတို့ ရိုးသားကြောင်း ရေပေါ်မှာ လမ်းလျှောက်ပြကြမယ်ပေါ့နော်။ ရိုးသားမှု ဒီဂရီအလိုက်....ရေပေါ်မှာ...ပေါ်မယ်ပေါ့လေ။
အန်ကယ်အမ်ကစလျှောက်ပါတယ်။
စထွက်တဲ့အချိန်ကနေ..တဖြည်းဖြည်း မြုတ်သွားလိုက်တာ.. ဟိုဖက်ကမ်းကို ရောက်တဲ့အချိန်မှာတော့ ရေက လည်ပင်းထိရောက်သွားတယ်တဲ့။

စင်ကာပူက ဘဘကြီး လီကတော့ အေးဆေးပဲတဲ့။ စထွက်တဲ့နေရာကနေ တဖက်ကမ်းရောက်တဲ့ထိ ရေပေါ်မှာ ရုပ်တိုက်ပြီး ပေါ့ပေါ့ပါးပါးလေး လျှောက်ပြ သွားပါသတဲ့ကွယ်။ ခြေထောက်လေးတောင်မှ ရေထဲမမြုတ်ဘူးတဲ့။ ဒါနဲ့.. ဘဘကြီးလီက ရိုးသားကြောင်း ပြည်သူတွေက လက်ခံစရာဖြစ်သွားပါရောတဲ့။
*********************

**ဘဘလီ နှင့် ဦးလေးဂို တို့ အတွင်းစကား**

ဘဘလီ – မောင်ဂိုရေ...။ ကျေးဇူးပဲဟေ့..ငါ့ကို ခေါင်းပေါ်တင်ပြီး ရေအောက်က လျှောက်ရတာ..မောသွားရောပေါ့...။ ဘာလိုချင်လဲ ..ပြောဟေ့..။

(စင်ကာပူ၊ မလေးရှား သူငယ်ချင်းများနှင့် စကားဝိုင်းမှ..)

( တင်ပြသူ– **suuchit** )

## မောစရာ

ရယ်စရာ တော့ မဟုတ်ဘူး မောစရာ လေးပါ။

နာဂစ် အလွန်ကာလသုံးလေးရက် အတွင်းမှာ အခြေခံပညာဦးစီးဌာနက တာဝန်ရှိသူ ခပ်ကြီးကြီးတယောက် လေဘေး အတန်သင့်ခဲ့တဲ့ မြို့က အထက်တန်းကျောင်းတစ်ကျောင်းကို ရောက်လာပါလေရော။ ကျောင်းက အမိုးက သုံးပုံနှစ်ပုံလောက် မရှိတော့ဘဲ၊ အရင်က ခနော်နီခနော်နဲ့ အိမ်သာတွေက အကုန်ဘုန်းဘုန်းလဲနေတယ်။ ဆရာ ဆရာမတွေ ကဝမ်းသာအားရနဲ့ လူကြီးလာပြီ ဆိုပြီး အပျက်အစီးတွေကို လိုက်ပြကြတာပေါ့လေ။ ဘာများကူညီနိုင်မလဲ မျှော်လင့်ချက်တွေနဲ့။ ပုဂ္ဂိုလ်ကြီးက အားလုံးကို မျက်လုံးလေးတချက်ပဲ ဝေ့ကြည့်လိုက်ပြီး သူလာတာ ဒီအတွက် မဟုတ်ဘူး၊ ဆရာဆရာမတွေနဲ့ မိသားစုတွေ အားလုံးထောက်ခံမဲပေးကြဖို့ အတွက်လာတာ။ အပျက်အစီးတွေ ကတော့ ကိုယ်ထူကိုယ်ထနဲ့ ပြင်ကြပေါ့လို့ပြောပြီး ထောက်ခံမဲကိစ္စကိုပဲပြောပြီး ပြန်သွားတယ်။ ဆရာဆရာမတွေရဲ့ အိမ်တွေဘေးကင်းကြရဲ့လား၊ အဆင်ပြေသလား လောကဝတ် စကားလေးတောင် ပြောမသွားဘူးတဲ့။

လူသတင်းလူချင်းဆောင်ပြီး အဲဒီအကြောင်းအပြင်ကိုရောက်လာတော့ ကျောင်းသား မိဘတွေရင်မောဖို့ ဖြစ်လာတာပေါ့။ မကြာခင်ကျောင်းဖွင့်လို့ ကျောင်းအပ်ရင် အလှူငွေ တနင့်တပိုးပေးရတော့မယ်။ မုန်တိုင်းရန်ကြောင့် အကုန်အကျတွေ များနေရတဲ့ကြားထဲ ငွေထပ်ထွက်ဦးမယ်ဆိုရင် နွမ်းပါးတဲ့သူတွေအတွက် ကြိုတွေး ပြီး မောစရာကြီးဗျာ။

( တင်ပြသူ – **Jin_kaleat** )

**ဖေဖေညဲ့တယ် ...**

တစ်ခါတုန်းက စီးပွားရေးရှင်တစ်ယောက်က သူ့သားကိုကျောင်းသွားကြိုတော့ ..သားငယ် က

“ ဖေဖေ နာဂစ်ကိုသိလား ..........”

“ သိတာပေါ့သားရယ် ... ”

“ဒါနဲ့များ ဖေဖေရယ် ...သူနဲ့သိတာများ နေ့ တိုင်းစီးပွားရေးလုပ်နေရသေးတယ် ..”

“ ဟ .. ငါ့သားရ၊ ဘာဆိုင်လို့လဲ ...”

“အတန်းထဲက မီးမီး (အကောင်သမီး ) ကပြောတယ်။ သူ့အဖေကနာဂစ်နဲ့ပေါင်းပြီး တလပဲရှာတာ .. ကား၂စီးအပြင်တိုက်တောင်ပြင်ဆောက်နိုင်သေးတယ်တဲ့ ...”

( တင်ပြသူ– **gdchaos** )

## လူလည်ကြီး

နာဂစ်ကိုအကြောင်းပြုပြီး နဂိုကတည်းက နာကစ်နေသော အမေရိကန်နှင့် နေတိုးတပ်များသည် မြန်မာပြည်ကို ဝင်ရောက်တိုက်ခိုက်ပြီး ပြည်သူအများကို နှိပ်စက်ကလူပြုနေသော စစ်အစိုးရကိုဖြုတ်ချလိုက်ပါသည်...

စစ်အစိုးရပြုတ်ကျအခါ စစ်ခေါင်းဆောင်များကို ပြည်သူ့တရားရုံးတင်ပြီး ပြည်သူများက အပြစ်ဒဏ်စီရင်လေသည်။ စီရင်ပုံက မစင်တွင်းကြီးထဲတွင် ကိုယ်ကျိုးရှာ ရာဇဝတ်မှုများကို မူတည်၍ နှစ်မြှုတ်ထားရန်ဖြစ်သည်။ အပြစ်ထင်ရှားလွန်းသော စစ်ခေါင်းဆောင်ကြီး ၃ယောက်ကို မစင်တစ်တွင်းထဲတွင်အတူထား၏။ နံပါတ် ၂ခေါင်းဆောင်မှာ ကျူးလွန်သော အပြစ်ကြီးမား၍ မေးဖျားမြုတ်သည်အထိ အနှစ်ခံ ထားရသည်။ သူက ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရာ နံပါတ် ၁ ကြီးက ရင်ခေါင်းလောက်ပေါ်အောင် နှစ်ခံထားရသည်တွေ့သောကြောင့် ဒေါသတစ်ကြီးနှင့်

**"ဟာ ... ခင်ဗျားကြီးက ကျုပ်ထက်အဆပေါင်းများစွာ ကိုယ်ကျိုးရှာထားတာဘဲ ဒါနဲ့ဘာကြောင့် ရင်ခေါင်းလောက်ဘဲ အနှစ်ခံထားရတာလည်း မတရာဘူး ကျုပ်ကွန်ပလိန်းတတ်မယ်"**

ဟုအော်ဟစ်မေးမြန်းတော့ နံပါတ် ၁ကြီး ပြန်ပြောသည်ကား

**"ဟေ့ကောင်းတိုးတိုးကွ ငါ နံပါတ် ၃ ပုခုံးပေါ်တက်ရပ်နေတာ"** ဟူသတတ်

( တင်ပြသူ– **mokenlay** )

## ပါဝါရိမ်းဂျား ...

ကျောင်းသားလေးတယောက် စာမေးပွဲအမှတ်ကောင်းလို့ သူ့အမေက လိုချင်တဲ့ အခွေဝယ်ပေးမယ် ..တဲ့။

ဒါပေမယ့် သူလိုချင်တဲ့ခွေက အခွေရောင်းတဲဆိုင်မှာမရှိတော့ ..ခွေရောင်းတဲသူက ..ညီလေး ပါဝါရိမ်ဂျားအသစ်ထွက်တယ် ကြည့်ပါလားလိုပြောလိုက်တော့ ... ကလေးအကြောက်အကန်ငြင်းတယ် ..

ထိုအခါ အမေဖြစ်သူက သားပဲပါဝါရိမ်ဂျား ကြိုက်တယ်ဆို .. အမေ ဟိုတစ်ခါ တုန်းကတောင် ပါဝါရိမ်းဂျား အခွေတွေ စာအုပ်တွေဝယ်ပေးသေးတယ်လေ .... သားငယ်က ဟုတ်တယ် အရင်ကအခွေပဲကြည့်တော့ ပါဝါရိမ်ဂျားတွေကို လူကောင်းထင်တာတဲ .. ဒါပေမယ့် စာအုပ်လည်းဖတ်လိုက်ရော ပါဝါရိမ်ဂျား ဆိုတာ စွမ်းအားရှင်တဲ့ မေမေရဲ့။ လမ်းထဲကလူတွေပြောတယ်လေ ..စွမ်းအားရှင် ဆိုတာ ဘုန်းကြီးတွေကိုရိုက်တာတဲ့ .. အဲတော့ ပါဝါရိမ်ဂျားဆိုတာကလည်း ဘုန်းကြီးတွေကိုရိုက်တဲသူတွေဆိုတော့ လူဆိုးတွေပေါ့ ..တဲ့ ။

( တင်ပြသူ – **gdchaos** )

**စံနမူနာ**

လူနှစ်ယောက် နိုင်ငံတကာအရေး ဆွေးနွေးနေကြပါသည်။

ပထမလူ ။ ။ လာမယ့် ဇင်ဘာဘွေရွေးကောက်ပွဲမှာ အတိုက်အခံတွေ အနိုင်ရဖို့များနေတယ်တဲ့ကွ။ အာဏာရှင် မူဂါဘီတော့ ဒီတခါ တကယ် ပြုတ်ပြီ ထင်ပါတယ်။

ဒုတိယလူ ။ ။ သိပ်ပြီး ထင်မနေနဲ့အုံး ကိုယ့်လူ။ အခုလောက်ဆို မူဂါဘီကလည်း မဲနိုင်အောင် ဘယ်လိုညစ်ရမလဲဆိုတာ ဗမာပြည်ကိုကြည့်ပြီး သဘောပေါက် နေမှာပါ။ အခုဆို ဦးသန်းရွှေရဲ့ နည်းလမ်းအတိုင်း အတုယူ ပြင်ဆင်နေလောက် ပါပြီကွ။

( တင်ပြသူ – mgpo )

**နောက်ဆက်တွဲသတင်း**

အတည်မပြုရသေးသော ကောလဟလသတင်းများအရ ဇင်ဘာဘွေသမ္မတမူဂါဘီက သူတို့နိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ်ပါ ဆောင်ရွက်ပေးရန် ဦးအောင်တိုးအား လာရောက်ငှားရမ်းနေပါကြောင်း။

## သဘာဝဘေးကို ကြိုသိသူများ

လူသားတွေဟာ သူတို့ကို သူတို့ ကမ္ဘာပေါ်မှာ အသိဉာဏ် အမြင့်မားဆုံးရယ်လို့ သတ်မှတ်ကြပါတယ်။ တကယ်လည်းဟုတ်ပါတယ်။ ဒါပေမယ့် ငလျင်၊ မုန်တိုင်း၊ မီးတောင်ပေါက်ကွဲမှု စတဲ့ သဘာဝဘေးအန္တရာယ်တွေကိုတော့ ဘယ်လူသားကမှ ကြိုတင်မသိနိုင်ခဲ့ပါဘူး။

အဲဒီနေရာမှာတော့ တိရစ္ဆာန်တွေဟာ လူသားတွေထက် သာလွန်ခဲ့ပါတယ်။ ငလျင်လှုပ်မှာ၊ မုန်တိုင်းကျမှာ၊ မီးတောင်ပေါက်ကွဲမှာတွေကို တိရစ္ဆာန်တွေက ကြိုတင်သိနိုင်ပါသတဲ့။ ကြိုတင်သိမြင်ပြီး တော့လည်း အဲဒီ ဘေးအန္တရာယ်က ကင်းလွတ်ရာကို ကြိုတင်ပြောင်းရွှေ့ကြပါသတဲ့။

မိတ်ဆွေ သင်ယုံပါသလား ၊

မယုံရင် သက်သေသာဓကေ အထောက်အထားခိုင်လုံစွာပြပါမယ်။

နာဂစ်မုန်တိုင်းဟာ မြန်မာပြည်ကို ၂၀၀၈ မေလ ၂ ရက်နဲ့ ၃ ရက်မှာ ဝင်ရောက်တိုက်ခတ်သွားလို့ လူပေါင်းသိန်းနဲ့ချီသေခဲ့ရတာ လူတိုင်းအသိပါ။ ဒါပေမယ့် တိရစ္ဆာန်အချို့ကတော့ မုန်တိုင်းဝင်မယ်ဆိုတာ ကြိုသိခဲ့လို့ ဘေးလွတ်ရာကို ပြောင်းသွားကြပြီး အန္တရာယ်ကင်းခဲ့ကြပါတယ်။ ဟုတ်ပါတယ်။ ဘေးလွတ်ရာကို ပြောင်းသွားခဲ့တာမှ တစ်ရက်နှစ်ရက် ကြိုတင်ပြောင်းခဲ့တာ မဟုတ်ပါဘူး။ နှစ်နှစ်ခွဲလောက် ကြိုတင်ပြီး မုန်တိုင်းလွတ်ရာကို ပြောင်းသွားခဲ့ကြတာပါ။ တကယ်ပါဗျာ…။

အဲဒီ တိရစ္ဆာန်တွေဟာ ၂၀၀၈ မေလမှာ ရန်ကုန်မြို့ကို နာဂစ်မုန်တိုင်း ဝင်လာမယ်ဆိုတာ ကြိုသိနေလို့ ၂၀၀၅ နိုဝင်ဘာလောက်ထဲက မုန်တိုင်း လွတ်ကင်းရာ နေပြည်တော်ကို ပြောင်းရွှေ့သွားခဲ့ကျတာပါ။

ကဲ.. မိတ်ဆွေ.. တိရစ္ဆာန်တွေဟာ သဘာဝဘေးအန္တရာယ်တွေကို ကြိုသိနိုင် တယ်ဆိုတာ ယုံပြီလား ။

( တင်ပြသူ- **wmason666** )

## ဒါလည်းဟုတ်သားပဲ

လူနှစ်ယောက် ငြင်းခုံနေကြပါသည်။

ပထမလူ ။ ။ ဗိုလ်ချုပ်ကြီးတွေဗျာ။ သူတို့အိတ်ကပ်တွေထဲမှာ ခိုးထားတဲ့ ဒေါ်လာတွေ သန်းနဲ့ချီပြီးရှိနေတာပဲ။ အဲဒီထဲကနေ ဒုက္ခသည်တွေကို နည်းနည်း လောက်တော့ ပြန်လှူဖို့ကောင်းပါတယ်။

ဒုတိယလူ ။ ။ သူတို့လည်း မလှူချင်လို့တော့ ဘယ်ဟုတ်မလဲဗျာ။ အဲသလို တရားမဝင် ရထားတဲ့ပိုက်ဆံတွေဖြစ်နေလို့ ခက်နေတာပေါ့။ ဒုက္ခသည်တွေအတွက် ကျွန်တော်တို့ ခိုးထားတဲ့ထဲက နည်းနည်းလောက် ပြန်လှူပေးပါတယ်လို့ လူသိရှင်ကြား ပြန်လုပ်လို့ ကောင်းပါ့မလား။ ကဲ ... ပြောပါအုံး။

( တင်ပြသူ- mgpo )

## တို့ဟာတို့ပဲနားလည်တယ်

နာဂစ်မုန်တိုင်းပြီးကတည်းက ကျွန်တော့်ကို ဗမာမှန်းသိတဲ့ မိတ်ဆွေတွေက လူမှုရေးအရ သတင်းမေးကြတာတွေကို ပြန်ဖြေရတာကလည်း အာပေါက်မတတ် ပါပဲ။

သူတို့အားလုံးပြောလေ့ရှိတာက သတင်းတွေထဲမှာ အစိုးရက လူမဆန်အောင် လုပ်နေတာတွေကိုကြည့်ပြီး သူတို့နားမလည်နိုင်ကြတဲ့ အကြောင်းပဲပေါ့။

တယောက်လာလည်း ... နားမလည်နိုင်ဘူး
နောက်တယောက် .... နားမလည်နိုင်ဘူး
နောက် ..... .... နားမလည်နိုင်ဘူး

ကြာတော့ ရှက်တောင်လာတယ်။ ဒါနဲ့ပဲ စိတ်နာနာနဲ့ နောက်ထပ်မေးတဲ့သူတွေကို ဒီလိုပဲ ပြန်ပြောနေရပါတော့တယ်။

"ဟုတ်ပါတယ်။ မင်းတို့ နားလည်မှာမဟုတ်ပါဘူး။ အခုကိစ္စကို တသက်လုံး ခံလာရတဲ့ ငါတို့ဟာ ငါတို့ပဲ နားလည်နိုင်မှာပါကွာ။"

( တင်ပြသူ - mgpo )

## အိပ်မက်ဆိုး

လူ၁။ ။ ဟိုတစ်နေ့က ညနက်ကြီး သန်းရွှေအိမ်မှာ ဆရာဝန်တွေ ဘာတွေနဲ့ ရှုတ်ရှုတ်သဲသဲဖြစ်တယ်ဆို.. ကြားမိလား

လူ၂။ ။ အေးကွ.. သန်းရွှေက အိပ်နေရင်း ရှုတ်ချည်း နိုးလာတာ သွေးတွေဘာတွေဆောင့်တက်ပြီး အရေးတကြီးဖြစ်သွားတယ်လို့ ကြားတယ်။

လူ၁။ ။ အေးအေး...အဲဒါဘာကြောင့်လို့ ကြားမိလဲ..

လူ၂။ ။ အိပ်မက်ဆိုးမက်တယ်ဆိုပဲ..

လူ၁။ ။ ဘာအိပ်မက်မို့ အဲလောက်ထိတောင်ရေးကြီးခွင်ကျယ်ဖြစ်ရတာလဲ..

လူ၂။ ။ အိပ်မယ်ထဲမှာ သူ့တစ်ကောင်ထဲ လူထုအလယ်ကြား ရောက်သွားတယ် ပြောတယ်..

လူ၁။ ။ အော်.................................။

( တင်ပြသူ- bubble029 )

## ကဲ ..ဘာပြောချင်သေးလဲ

ဟောဒီပျက်လုံးထက်ကောင်းတဲ့ ပျက်လုံးမျိုး ဘယ်သူတွေထုတ်နိုင်သေးသလဲ ဖတ်ကြည့်ပါအုံး ...

နိုင်ငံတော်အကြီးအကဲအနေဖြင့် မှန်တိုင်းကျရောက်ပြီးသည်နှင့် တစ်ပြိုင်နက် လေဘေးသင့်ဒေသများသို့ သွားရောက်ရန် ရည်ရွယ်ခဲ့ပါသည်။ သို့သော် ဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်ပြီး လုပ်နေသည့် ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်နှင့် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ပါစေတော့ဆိုသည့် ဆင်ခြင်သုံးသပ်မှုမျိုးနှင့် ယခုကဲ့သို့ လုပ်ငန်းများ အတော်အသင့်ဆောင်ရွက်ပြီးစီးသည့် အခြေအနေရောက်မှ လာရောက်ခဲ့ခြင်းဖြစ်ပါသည်။ မိမိ၏ ပုဂ္ဂလိကဆန္ဒထက် စုကျသည်များ၏အရေးကို ဦးစားပေးပြီး ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်သည်အထိ ခေတ္တစောင့်ဆိုင်းပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ဆင်ခြင်တွေးခေါ်မှုနှင့် ရင်တွင်းမှ စေတနာအမှန်ကို သိလိုက်ရပြန်သည့်အခါ နိုင်ငံတော်အကြီးအကဲအပေါ် အမျိုးမျိုး ဝေဖန်ပုတ်ခတ်နေကြသည့် ပြည်တွင်းပုဆိန်ရိုးအချို့နှင့် ပြည်ပမီဒီယာများကို စိတ်ပျက်လက်ပျက်နှင့် "ကဲ. . ဘာပြောချင်ကြသေးလဲ" ဟူ၍သာ မေးလိုက်ချင်ပါတော့သည်။

---

( တင်ပြသူ – **mokenlay** )

### ဆင် ခြင် တွေး ခေါ် သူ များ

နိုင်ငံတော်အကြီးအကဲ ။ ။ ကျုပ် လေဘေးဒုက္ခသည်တွေကို စောစောကတည်းက ထွက်တွေ့ချင်နေတာပါဗျာ။ ကျုပ်ပါရင် ကယ်ဆယ်ရေးလုပ်ငန်း အရှိန်အဟုန်တွေ ပျက်ကုန်မှာပဲလို့ ဆင်ခြင်တွေးခေါ်ပြီး၊ ပုဂ္ဂလိကဆန္ဒထက် ဒုက္ခသည်တွေရဲ့ အရေးကို ဦးစားပေးပြီး နှစ်ပတ်ကျော်နောက်ကျပြီးမှ လာတွေ့တာပါဗျာ။

ဒု–နိုင်ငံတော်အကြီးအကဲ ။ ။ (ခပ်ထွေထွေ လေသံဖြင့် ) ဒီလိုအမြော်အမြင်များ၊ ငါကပိုတောင်ရှိသေး။ အခုထိ ဘာမှမလုပ်သေးပဲ ဆင်ခြင်တွေးခေါ်နေတုန်းကွ။

( တင်ပြသူ– mgpo )

### နောက်မှအဝစားပါ

ကယ်ဆယ်ရေးလုပ်ငန်းများအင်တိုက်အားတိုက် ဆောင်ရွက်နေသည်ဟု ဆိုသော ဝန်ကြီးချုပ်ကို ဒုက္ခသည်ရွာသားတစ်ယောက်က မေးသည်။
'အကြီးအကဲပြောတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံကိုသွားနေတယ်ဆို၊ အခုကျွန်တော်တို့မှာ စားစရာ၊နေစရာ၊ဝတ်စရာတောင် မရှိပါလား'

ဝန်ကြီးချုပ်။ ။သွားနေပါတယ်ဗျာ။ လမ်းမှာဘာလို့စားမှာလဲ။ ရောက်တော့မှ အဝစားပေါ့။

( တင်ပြသူ– **coolcupid** )

## ဆုတံဆိပ်တွေဘာကြောင့်များ

စစ်သားတစ်ယောက်က ရင်ဘတ်မှာ ဆုတံဆိပ်သုံးခု ချိတ်ထားတယ်။

တစ်ယောက်ကမေးပါတယ်။

– ဒီဆုတံဆိပ်တွေက ဘယ်လိုတွေကြောင့်ရထားတာလဲ။

စစ်သားလေးကလည်း အသေအချာ ရှင်းပြပါတယ်။

– ဒီပထမဦးဆုံးရခဲ့တဲ့ ဆုတံဆိပ်က ကျွန်တော်မှာ ဘာဆုတံဆိပ်မှ မရှိသေးလို့ ပေးတဲ့ဆုတံဆိပ်ပါ။

ဒီဒုတိယဆုတံဆိပ်ကတော့ ပထမဆုတံဆိပ်ရထားတဲ့သူကိုမှ ပေးတဲ့ဆုတံဆိပ်ပါ။

ဒီတတိယဆုတံဆိပ်ကကျတော့ ပထမနဲ့ဒုတိယဆုတံဆိပ် ရထားပြီးတဲ့သူကိုမှ ချီးမြှင့်တာမို့လို့ ရထားတာပါတဲ့။

တို့ပေါ်တာကြီးတွေ ဆုတံဆိပ် တွေများနေရချင်းအကြောင်း ရှင်းရှင်းလင်းရှင်း သိပါပြီ...

( သူငယ်ချင်းတွေ ဘလော့ ကကူးလာတာပါ... )

ခင်တဲ့

ထုဆစ်သူ